ပြည်သူ့ကာကွယ်ရေးစာစဉ်

အတွဲ (၁)၊ အမှတ် (၃)

https://mod.nugmyanmar.org

"ငါတို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများနှင့်
အကြမ်းဖက်စစ်ကောင်စီ၏ လက်ကိုင်တုတ်များအကြား
အဓိကကွာခြားချက်မှာ "စိတ်ဓာတ်" ဖြစ်သည်။
၎င်းစစ်ကောင်စီ၏ လက်ကိုင်တုတ်များသည်
ယုံကြည်ချက်မဲ့၊ ကျင့်ဝတ်မဲ့၊ စည်းကမ်းမဲ့၊ အသိဉာဏ်မဲ့
စိတ်ဓာတ်မရှိမရဲဖြစ်လျက် တပ်မတော်ဟူသည့်
အမည်နာမကိုပင် ခံယူရန် မထိုက်တန်သော၊ တပ်မတော်တစ်ရပ်၏
အရည်အချင်း ပျက်ယွင်းခဲ့ပြီဖြစ်သော လက်နက်ကိုင်
အကြမ်းဖက်အုပ်စုများအဖြစ် မြင်တွေ့ရပေသည်။"

ဦးရည်မွန် (ကာကွယ်ရေးဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ)

ကာကွယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်

- ★ ပြည်သူလူထု လုံခြုံရေး
- ★ ရပ်ရွာဘေးအန္တရာယ် တားဆီးရေး
- ★ ပြည်ထောင်စု ကာကွယ်ရေး

ကာကွယ်ရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်

- ★ ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးစနစ် တည်ဆောက်ရေး
- ★ ဖက်ဒရယ်ပြည်ထောင်စုအား ကာကွယ်စောင့်ရှောက်ရေး
- ★ လူမျိုးပေါင်းစုံ ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ရေး

စစ်ဘုရင်ဝါဒ အန္တရာယ်

Otto

၁၉၁၁ တော်လှန်ရေးအပြီး တရုတ်ပြည်တွင် နှစ်ငါးထောင်ကြာ မင်းဆက်တွေတခုပြီးတခု တဗိုလ်ကျတဗိုလ်တက်သဘောနဲ့ အုပ်ချုပ်နေတဲ့ ဘုရင်စနစ်ဆုံးခန်းတိုင်ခဲ့ပြီး သမ္မတနိုင်ငံတခု ပေါ်ပေါက်လာခဲ့ပါတယ်။ ဒေါက်တာဆွန်ယက်ဆင်ရဲ့ အမျိုးသားရေး၊ ဒီမိုကရေစီရေးနဲ့ သာတူညီမျှကောင်းစားရေးဟူတဲ့ ပြည်သူတို့၏ မူသုံးချက်အပေါ် အခြေခံတဲ့ တရုတ်သမ္မတနိုင်ငံတော်သစ်ဟာ တရုတ်လူ့အဖွဲ့အစည်းကို ဒီမိုကရေစီစံနှုန်းတွေဖြင့် အသားကျစေပြီး နောင်တက်လာမည့်တရုတ်အစိုးရတွေကိုလည်း ဒီမိုကရေစီနည်းကျအုပ်ချုပ်မယ့် အစိုးရများအဖြစ် ပေါ်ပေါက်လာစေရေး ရည်ရွယ်ခဲ့ပါတယ်။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

ဒါပေမယ့်လည်း ၁၉၁၁ တော်လှန်ရေးမှာ အလွန် ဝမ်းနည်းဖွယ်ကောင်းတဲ့ ကပ်ရောဂါတစ်ခု ညှိတွယ်လာခဲ့ပါတယ်။ အဲဒီ ကပ်ရောဂါကတော့ "လက်နက်ကိုင်ထားသူသာလျှင် အာဏာရှိသူ" "လက်နက်နဲ့ အာဏာကိုဆုပ်ကိုင်ကြမယ်" လို့ အတိုချုံးသတ်မှတ်နိုင်တဲ့ စစ်ဘုရင်ဝါဒပဲ ဖြစ်ပါတယ်။ တရုတ်သမ္မတနိုင်ငံတော်ဟာ ချင်ဧကရာဇ်လက်အောက်မှ စစ်ဗိုလ်ချုပ်ဟောင်းတွေရဲ့ တပ်ဖွဲ့များနဲ့ တော်လှန်ရေးတွင်း လက်နက်တပ်ဆင်ထားခဲ့တဲ့ တပ်ဖွဲ့များမှ တောကြောင် ခေါင်းဆောင်တွေကြောင့် အင်အား ချိနဲ့ခဲ့ရသလို ပြည်သူတွေလဲ ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။

ဒေါက်တာဆွန်ယက်ဆင်ရဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေးကို ဦးတည်တဲ့ ပြည်သူတို့၏မူသုံးချက် ဖော်ဆောင်ရေးဟာ သူတလူငါတမင်းနဲ့ ဗိုလ်ကျစိုးမိုးတဲ့ စစ်ဘုရင်တွေရဲ့ သေနတ်သံအောက်မှာ အကြီးအကျယ် ချိနဲ့ခဲ့ရတဲ့အပြင် ဂျပန်၊ အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်၊ ဂျာမန်စတဲ့ နယ်ချဲ့အင်အားစုတွေရဲ့ အနိုင်ကျင့်ခြင်းကိုပါ ခံခဲ့ရတယ်။

မွေးဖွားကာစ တရုတ်သမ္မတနိုင်ငံတော်သစ်ဟာ နိုင်ငံတော် အရင်းအမြစ်တွေ၊ သံယံဇာတတွေ အပေါ် စစ်ဘုရင်တွေရဲ့ ကိုယ်ကျိုးရှာမှုတွေ၊ ပြည်သူလူထု အသက် အိုးအိမ်စည်းစိမ်တွေကို မကာကွယ်နိုင်ဘဲ စစ်ဘုရင်တွေရဲ့ လက်နက်အားကိုး ခြိမ်းခြောက်မှုတွေ၊ စစ်ဘုရင်အချင်းချင်း စစ်ခင်းကြတဲ့ဒဏ်ကို အလူးအလဲ ခံခဲ့ရပါတယ်။

ဒီ စစ်ဘုရင်တွေဟာ ကျူးကျော်သူဂျပန်ကို လက်ယက်ခေါ်သလိုလဲဖြစ်ခဲ့ပြီး ကူမင်တန် အမျိုးသားရေးဝါဒီတွေနဲ့ တရုတ်ကွန်မြူနစ်ပါတီအကြား ပြည်တွင်းစစ်ရဲ့ မျိုးစေ့တခုလည်း ဖြစ်လာခဲ့ပါ။

ဒီ စစ်ဘုရင်ဝါဒ ကြီးစိုးခြင်းဟာ တရုတ်ပြည်တွင်းစစ်အပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်နိုင်တဲ့ ကာလမှပဲ ဆုံးခန်းတိုင်နိုင်ခဲ့ပါတယ်။

တရုတ်သမ္မတနိုင်ငံရဲ့ ဖြစ်ရပ်ကို ကြည့်ခြင်းရင် စစ်ဘုရင်ဝါဒဟာ ကျနော်တို့ တော်လှန်ရေးနဲ့ ပြည်သူတရပ်လုံးက မျှော်လင့် တောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီအတွက် အန္တရာယ်တခုဖြစ်တယ်ဆိုတာ ငြင်းစရာမလိုပါဘူး။

စစ်ဘုရင်ဝါဒဟာ အမျိုးသားနိုင်ငံတော်တွေ ပေါ်ပေါက်ပြီးနောက်နဲ့ ဒီမိုကရေစီ ပြန့်ပွားရေးလှိုင်းလုံးတွေအကြားမှာ မှေးမှိန်လာပြီဖြစ်တယ်လို့ နိုင်ငံရေးသိပ္ပံ ပညာရှင်များက ဆိုသော်ငြားလဲ လက်တွေ့မှာတော့ ကမ္ဘာ့နေရာဒေသ အသီးသီးမှာ အမြစ်တွယ်နေဆဲပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ကျရှုံးနိုင်ငံတွေနဲ့ လက်နက်ကိုင် ပဋိပက္ခ၊ စစ်မက်ထူပြောတဲ့ တိုင်းပြည်တွေမှာ ကပ်ပါးကောင်အဖြစ် အမြစ်တွယ်ပြီး နိုင်ငံတော်ရင်းမြစ်တွေကိုစားသုံးကြီးထွားလေ့ရှိပါတယ်။

မက္ကဆီကိုနဲ့လက်တင်အမေရိကမှာ မူးယစ်ဆေးဈေးကွက်ကို အမှီပြုပြီး မူးယစ်ရာဇ တဖြစ်လဲ စစ်ဘုရင်တွေ ရပ်တည်နေလျက်ရှိပါတယ်။ အာဖရိကမှာတော့ ဗဟိုအစိုးရအင်အားချိနဲ့ပြီး ဆင်းရဲမွဲတေမှုကြီးမားတဲ့ ဒေသတွေမှာ စိန်၊ ရေနံ၊ သတ္တုအစရှိတဲ့ တွင်းထွက်တွေကို အမှီပြုပြီး ရပ်တည်နေတဲ့ စစ်ဘုရင်တွေ အများအပြားရှိပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်လွန်နှစ်တွေမှာ ဖြစ်ပွားခဲ့တဲ့ အာရပ်နွေဦးတော်လှန်ရေးတွေမှာလဲ စစ်ဘုရင်ဝါဒ ထွန်းကားလာမှုကြောင့် ဒီမိုကရေစီ အမြစ်တွယ်နိုင်ခြင်းမရှိဘဲ ပြည်တွင်းစစ်တွေ တကျော့ပြန်ကာ လွတ်လပ်ခွင့်နဲ့ငြိမ်းချမ်းရေး အလှမ်းဝေးနေသေးတာကို တွေ့ရပါတယ်။ (ဥပမာ - လစ်ဗျားနိုင်ငံ ဒုတိယ ပြည်တွင်းစစ်)

ဒီလို အရိုင်းဆန်တဲ့ စစ်ဘုရင်ဝါဒမျိုးဟာ အကြမ်းဖက်စစ်ကောင်စီနဲ့ မခြား ပြည်သူကို ကိုယ်စိတ်နှလုံး ဒုက္ခရောက်စေတယ်ဆိုတာကို တော်လှန်ရေး အင်အားစုတွေအနေနဲ့ နှလုံးသွင်းထားနိုင်ကြဖို့ လိုပါတယ်။ စစ်ဘုရင်ဆန်တဲ့ အပြုအမူတွေကို အသိသတိ ကြီးစွာနဲ့ ရှောင်ရှားနိုင်ကြဖို့ လိုပါတယ်။ စစ်ဘုရင်ဝါဒ ကပ်ပါးကောင်ဟာ တော်လှန်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးအပေါ်မှာ အလွန်ကြီးမားတဲ့ အန္တရာယ်တခုဖြစ်တည်ရှိ နေနိုင်ပါကြောင်း သတိပေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

အတွဲ (၁)၊ အမှတ် (၃)

ပြောက်ကျားစစ် လက်စွဲ

မဟာဗျူဟာလေ့လာရေးနှင့်
ဖက်ဒရယ်တပ်မတော်ရေးရာဦးစီးဌာန

၁။ ပြောက်ကျားစစ် သမိုင်းကြောင်း

ပြောက်ကျား Guerrilla (စပိန်ဘာသာဖြင့် "စစ်ပွဲငယ်") ဟူသော ဝေါဟာရကို ၁၉ ရာစု အစောပိုင်းတွင် စတင်သုံးစွဲခဲ့သည်။ နပိုလီယံက စပိန်နိုင်ငံ၏ အမြဲတမ်းတပ်များကို တိုက်ခိုက်အနိုင်ယူပြီးနောက်ပိုင်းတွင် ကြွင်းကျန်စပိန်တပ်များနှင့် အရပ်သားများသည် ပြင်သစ်စစ်တပ်ကို နည်းမျိုးစုံဖြင့် ဆန့်ကျင်ခဲ့သည်။ ယင်းသို့ ဆန့်ကျင်ခဲ့သော စစ်ပွဲများတွင် ပြောက်ကျားစစ်ဆိုသော ဝေါဟာရကို စတင်အသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ဂျာမန်စစ်သူကြီးနှင့် စစ်ရေးသီအိုရီပညာရှင် ကားလ်ဗွန် ကလော့ဇ်ဝစ် (Carl von Clausewitz) ၏ စာများတွင်လည်း ပြည်သူ့စစ်ပွဲအောင်မြင်ရန်အတွက် လိုအပ်သောအခြေအနေအချို့ကို ဖော်ပြခဲ့သည်။ စစ်ပွဲအောင်မြင်ရန် လူအများ၏ အထောက်အပံ့များရှိရန် လိုအပ်ပြီး၊ တိုင်းပြည်တဝှမ်း နယ်မြေစိုးမိုးရန် လိုအပ်ကြောင်း ကလော့ဇ်ဝစ်က ဆိုထားခဲ့သည်။ ရုရှားတော်လှန်ရေးကာလများတွင် ကလော့စ်ဝစ်၏ စဉ်းစားတွေးခေါ်မှုကို လီနင်က အောင်မြင်စွာ လက်တွေ့အသုံးချနိုင်ခဲ့ပြီး၊ ကလော့စ်ဝစ်၏စစ်ရေးသီအိုရီများသည် ခေတ်သစ် ပြောက်ကျား နည်းဗျူဟာများအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်။

အာရေးဗျလောရင့်စ်ဟု ကျော်ကြားသော တီအီးလောရင့်စ် (Lawrence of Arabia) သည်လည်း ပြောက်ကျားနည်းဗျူဟာများကို ဆင့်ပွားဖော်ထုတ်ပြီး၊ အာရပ်တပ်များက အော်တိုမန် တူရကီကို ဆန့်ကျင်ခဲ့သည့် သဲကန္တာရ စစ်ပွဲများတွင် အသုံးပြုခဲ့သည်။ လောရင့်စ်ရေးသားခဲ့သည့် ဉာဏ်ပညာ မဏ္ဍိုင်ခုနစ်သွယ် (The Seven Pillars of Wisdom - 1926) အမည်ရှိစာအုပ်တွင် တော်လှန်ရေးကာလ အသုံးပြုရသည့် ရွေ့လျားခြင်း၊ လျင်မြန်ခြင်းနှင့် လျှပ်တပြက် တိုက်ခိုက်ခြင်းဆိုင်ရာ ပြောက်ကျားစစ်၏ အခြေခံမူများကို ထည့်သွင်းဖော်ပြထားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အလွန် ကာလတွင် ကမ္ဘာတဝှမ်း၌ ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးများတွင်လည်း ပြောက်ကျားစစ်ဗျူဟာများကို အသုံးပြုခဲ့ကြသည်။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

၂။ ပြောက်ကျားစစ် သွင်ပြင်လက္ခဏာ

ပြောက်ကျားစစ် ဖော်ဆောင်ရာတွင် ရန်သူထိန်းချုပ် နယ်မြေအတွင်း ဒေသခံ ပြောက်ကျားအင်အားစုများက ရန်သူ၏ စိတ်ဓာတ်နှင့် အင်အားကို လျှော့ချရန်အတွက် ရည်ရွယ်လုပ်ဆောင်သော စစ်ဆင်ရေးများပါဝင်သည်။ ပြောက်ကျားစစ်ဆင်ရေးများကို ထိုးစစ်နည်းဗျူဟာများ အသုံးပြုသော အုပ်စုငယ်များကပြုလုပ်ပြီး အခြား စစ်ဆင်ရေးများကို ထောက်ကူပြုရန်အတွက် အဓိက ရည်ရွယ်လုပ်ဆောင်ကြပါသည်။

(က)ယေဘုယျသဘော

ပြောက်ကျားစစ်သည် ထိုးစစ်ဆင်တိုက်ခိုက်သည့် သွင်ပြင်လက္ခဏာရှိပါသည်။ ပြောက်ကျား တပ်သားများ၏ ရွေ့လျားခြင်း၊ လျှပ်တပြက်တိုက်ခိုက်နိုင်ခြင်းနှင့် လွယ်လင့်တကူ တိမ်းရှောင်နိုင်ခြင်းတို့သည် အောင်ပွဲအတွက် အရေးကြီးပါသည်။

(ခ) ပံ့ပိုးမှုအချက်များ

ပြောက်ကျားလှုပ်ရှားမှုများ၏ အောင်မြင်မှုသည် အရပ်သားပြည်သူလူထု၏ စိတ်ပိုင်းဆိုင်ရာယုံကြည်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ အထောက်အပံ့အပေါ် မူတည် ပါသည်။ အရပ်သား ပြည်သူများသည် ပြောက်ကျားအင်အားစုများအား ထောက်ပံ့ရေး ပစ္စည်းများပံ့ပိုးခြင်း၊ တပ်သားသစ်များ ဖြည့်တင်းပေးခြင်း၊ ဖြစ်ပေါ်လာနိုင်သည့် တိုက်ခိုက်မှုများကို ကြိုတင် သတိပေးခြင်းအားဖြင့် ရှောင်တိမ်းစေခြင်းနှင့်လွတ်မြောက်ရန်ကူညီခြင်းတို့သာမက အခြား လှုပ်ရှားမှုများနှင့် ကူညီထောက်ပံ့နိုင်ပါသည်။

ဂ။ နိုင်ငံရေး ရှုထောင့်

ပြောက်ကျားစစ်ကိုစစ်ရေးထက်နိုင်ငံရေးအရပိုသည်ဟုမကြာခဏဖော်ပြလေ့ရှိပြီးၛင်းသည် နည်းဗျူဟာအရ စစ်ရေးဖြစ်သော်လည်း စင်စစ်မူ နိုင်ငံရေးပင် ဖြစ်သည်။

ဃ။ ဥပဒေရေးရာ ရှုထောင့်

ပြောက်ကျားစစ်ဆင်ရေးများတွင်လည်း ဂျီနီဗာသဘော တူညီချက်များ၊ စည်းမျဉ်းစည်းကမ်းများကို သမားရိုးကျ စစ်ဆင်ရေးများကဲ့သို့ပင် လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။

င။ နည်းဗျူဟာ

ပြောက်ကျားတပ်ဖွဲ့များသည် တိုက်ပွဲစဉ်များ၏ ကနဦး အစောပိုင်းတွင် ရှင်သန်ရေးကို ဦးစားပေးရမည်။ အစ ပိုင်းတွင် လူစွမ်းအား (Manpower)၊ ပစ်အား (Fire-power)၊ ဆက်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် စုဖွဲ့ပုံတို့တွင် ရန်သူသည် မိမိတို့ထက် သာလွန်နေမည် ဖြစ်သည်။ ထောက်လှမ်းရေး သတင်းအချက်အလက် စုဆောင်းခြင်း၊ ဖုံးကွယ်နိုင်ခြင်း၊ လှည့်စားခြင်းနှင့် အချိန်အသုံးပြုခြင်း တို့တွင်မူ ပြောက်ကျားများသည် ရန်သူနှင့် တန်းတူဖြစ်ပြီး မကြာခဏသာလွန်သည်။ ပြောက်ကျားစစ်ဆင်ရေး၏ အောင်မြင်မှုသည် အခြေခံ အားဖြင့် လျှပ်တပြက် ထိုးစစ်ဆင်မှုမှ အစပြုသည်။

မြင်ကွင်းမရှင်းသေးသည့် ညနှင့်အာရုံဦး အချိန် များတွင် တိုက်ခိုက်သော ပြောက်ကျားစစ်ဆင်ရေးများ သည် ခွန်အားနှင့် လျှပ်တပြက် အားသာချက်ကိုရယူရန် ဖြစ်သောကြောင့် ရန်သူ၏ တပ်ဖွဲ့ဝင်များကို ဖမ်းဆီးရန်၊ ပစ္စည်း ကိရိယာများကို ဖျက်ဆီးရန်နှင့် အခြားသော လှုပ်ရှားဆောင်ရွက်မှုများကို တတ်နိုင်သမျှ အမြန်ဆုံး ဆောင်ရွက်ရမည်။ ပြောက်ကျားများအနေဖြင့် ပြည်သူ လူထုအား ကာကွယ်စောင့်ရှောက်ခြင်းသည် အလွန် ကောင်းသော အချက်ဖြစ်ပြီး၊ ပြည်သူများထံမှ ရန်သူတပ် တည်လှုပ်ရှားလှုပ်ရှားမှုနှင့် တန်ပြန်ပြောက်ကျား လှုပ် ရှားမှုများ၏ သတင်းအချက်အလက်များကို ရရှိနိုင်သည်။ ပြည်သူများ၏ ကြိုတင်သတိပေးချက်များသည် ပြောက် ကျားတပ်ဖွဲ့များအတွက် အချိန်မီ တုံ့ပြန်ဆောင်ရွက်မှု များ ပြုလုပ်နိုင်မည်ဖြစ်သည်။

စ။ ဖွံ့ဖြိုးရေး ရှုထောင့်များ

ပြောက်ကျားစစ်ဖော်ဆောင်ရာတွင် အခြေအနေနှင့် အချိန်အခါမှာ အရေးကြီးလှသည်။

၁။ အချိန်အခါ

ပြောက်ကျားတပ်ဖွဲ့များသည် တိုက်ပွဲဖော်ဆောင်ရမည့် အချိန်အခါကို သိနားလည်ရမည်။

၂။ အခြေအနေ

ပြောက်ကျားတပ်ဖွဲ့များသည် ရန်သူအားနည်းချက်ကြောင့် သော်လည်းကောင်း၊ ရန်သူ၏ ခုခံမှု ကျဆင်း သွားသော အခြေအနေကောင်းများကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာနိုင်သော အခင်းအကျင်းများ ကိုလိုက်၍ ပိုမိုကျယ်ပြန့်သော စစ်ဆင်မှုများကိုပြုလုပ်လာနိုင်သည်။ ထိုသို့အခြေအနေ ပေးလာသည့်အခါ ပြောက်ကျား တပ်ဖွဲ့များကို တိုးချဲ့ပြီး သမားရိုးကျတပ်အခင်းအကျင်းမျိုးကို လက်ခံကျင့်သုံးလာနိုင်သည်။

၃။ တည်နေရာ

ပြောက်ကျားစစ်ဖော်ဆောင်ရာတွင် ပထဝီအနေအထားအရ ကွဲပြားခြားနားသောရှုထောင့်များကို အကျိုးရှိစွာ အသုံးပြုကြရမည်။ နိုင်ငံအချို့၏ ပြောက်ကျားစစ်ဆင်ရေးများတွင် အချို့ဒေသများ၌ ပုံမှန် တပ်များ မဝင်ခင်ကပင် ပြောက်ကျားများက ကနဦးဝင်ရောက်ပြီး၊ အချို့ဒေသများတွင်မူ ပုံမှန်တပ် မှန်တပ် များ ပေါ်ပေါက်ပြီး နောက်မှ ပြောက်ကျားလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့သည်များလည်းရှိသည်။

၃။ ပြောက်ကျားစစ် မဟာဗျူဟာ

ပြောက်ကျားစစ်မဟာဗျူဟာသည် မိမိတို့ သိမ်းပိုက်ထားသော ဒေသတလျှောက် ခုခံရေးစခန်းများ တည်ဆောက်ရေး၊ ရန်သူ့လှုပ်ရှားမှုနှင့် ဆက်သွယ်ရေးကို နည်းလမ်းစုံဖြင့် ကန့်သတ်ခြင်းဖြင့် မြို့ကြီးများသို့ ဝင်ရောက်ရေးတို့ ဖြစ်သည်။ စစ်မဟာဗျူဟာ၏ အနှစ်သာရသည် လျှပ်တပြက် အလစ်အငိုက်ယူခြင်းနှင့် ရွေ့လျားမှုကို အသုံးပြုခြင်း (သို့မဟုတ်) ရွေးချယ်ထားသော အချိန်နှင့်နေရာတွင် ရရှိနိုင်သည့် အမြင့်မားဆုံး တိုက်ခိုက်ရေးစွမ်းအားကို ပုံအောအသုံးချခြင်း ဖြစ်သည်။

ကမ္ဘာ့တဝှမ်းရှိ ပြောက်ကျားတပ်ဖွဲ့များအနေဖြင့် နည်းလမ်းသုံးမျိုးကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။
(၁) ရန်သူ၏ အင်အားနှင့်အရင်းအမြစ်များကို ဦးတည်တိုက်ခိုက်ခြင်း
(၂) ပြည်သူလူထု၏ ခုခံနိုင်စွမ်းကို မြင့်တင်ပေးခြင်းဖြင့် ရန်သူအင်အားကို ပြုန်းတီးစေခြင်း
(၃) ရန်သူ၏အုပ်ချုပ်မှုကို ဖြိုခွဲခြင်း စသည်တို့ ဖြစ်သည်။

ပြောက်ကျားများသည် စစ်၏ အဓိကနိယာမများကိုလည်း လိုက်နာသင့်သည်။

၁။ အာရုံစူးစိုက်မှု
- စီးပွားရေးအင်အား
- ရန်သူသတိမမူမိသော နေရာများ
- ရန်သူ့ဒေါက်တိုင်များနှင့် ရင်းမြစ်များ

၂။ လျှပ်တပြက် အလစ်အငိုက်ယူခြင်း
ရန်သူနှင့်တိုက်ခိုက်ရန်အတွက် ရန်သူ၏အင်အားကို လွယ်လင့်တကူ ပြောင်းလဲ၍မရသော၊ လက်လှမ်းမမီသော လျှပ်တပြက် အချိန်၊ နေရာ၊ လက်နက်၊ အခြေအနေမျိုးဖန်တီး၍ ရန်သူကို အလစ်အငိုက်ဖမ်း တိုက်ခိုက်ရန်။

၃။ ရန်လိုခြင်း
ရန်သူ၏ တိုက်ခိုက်လိုစိတ်ကို စိတ်ဓာတ်စစ်ဆင်ရေးကဲ့သို့ နည်းလမ်းများဖြင့် ရိုက်ချိုးရန်။

၄။ ရည်ရွယ်ချက်
ရန်သူ၏ တန်ပြန်အစီအမံများကြားမှ မိမိတို့၏ အဆုံးသတ်ရည်မှန်းချက်ကိုပြီးမြောက်ရန်အတွက် မည်သည့်အခါမှ လမ်းလွဲမသွားစေရန်။

၄။ ပြောက်ကျားစစ်နည်းဗျူဟာ

ပြောက်ကျားစစ် သဘောသဘာဝသည် တိုက်ပွဲနယ်နိမိတ်များကို အဓိကရည်မှန်းချက်သို့ တစစရွေ့ပြောင်းသွားနိုင်သည်။ အကယ်၍ အပြင်းအထန် တိုက်ခိုက်ခံရပါက ချက်ချင်း ဆုတ်ခွာဖျက်သိမ်းနိုင်ပြီး ရန်သူ၏ မမြင်ကွယ်ရာ အခြေအနေတွင်ပြန်လည်ပေါင်းစည်းနိုင်သည်။

၁။ ကနဦးစစ်ဆင်ခြင်းများ

ပြောက်ကျားတပ်ဖွဲ့များသည် ရှည်လျားသော ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများတွင် ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရန် ဖွဲ့စည်းထားခြင်း မဟုတ်ပါ။ ပြောက်ကျားများသည် ရန်သူ၏ သာလွန်သော စွမ်းအားများကို ထိပ်တိုက်ရင်ဆိုင်ခြင်းမှ ရှောင်ရှားရမည်။ ရန်သူတပ်များ ရှေ့တိုး တက်တိုက်ခိုက်လာလျှင် ဆုတ်ခွာ၍ ရန်သူက နားမည်ကြံလျှင် အနား မပေးစတမ်း တိုက်ခိုက်ရမည်။ ရန်သူဆုတ်ခွာသွားသောအခါ လိုက်လံချေမှုန်း ဖြတ်တောက်မှုများဖြင့် တိုက်ခိုက်ရန်ဖြစ်သည်။

၂။ ပြောက်ကျားတပ်ဖွဲ့များသည် ပစ်မှတ် တခုတည်း အပေါ် အရင်းအနှီးကြီးကြီး ပေးဆပ်ခြင်းမျိုး မလုပ်သင့်ပါ။ ပြောက်ကျားတပ်များသည် စစ်၏ အခြေခံသဘောတရားများကို အသုံးပြုပြီး၊ ရန်သူများအား လျှပ်တပြက် အလစ်အငိုက်ယူ တိုက်ခိုက်နိုင်မည်ဖြစ်သည်။ ရန်သူနှင့် ထိတွေ့မှုကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ပြီး ရန်သူ လက်လှမ်းမမီသော အဝေးဆုံးသောနေရာတွင် အသေးငယ်ဆုံးသော အင်အားကို အသုံးပြုတိုက်ခိုက်ရမည်။ လောရင့်စ်နှင့် အာရပ်ပြောက်ကျားများ၏ တိုက်ခိုက်မှုများကို လေ့လာကြည့်လျှင် ယင်းတိုက်ခိုက်မှုများ မစခင်တွင် အသေအချာစီစဉ်ပြီး၊ လေ့ကျင့်သားပြည့်မှုကို တွေ့နိုင်သည်။ ရန်သူတုရကီများ ရွေ့လျားနေစဉ်/ အနားယူသောအခါ (သို့မဟုတ်) ပေါ့ပေါ့တန်တန် အကာအကွယ်ပေးထားသည့် နေရာများကို တွေ့သောအခါ သူတို့က တိုက်ခိုက်သည်။ ရန်သူ ချီတက်မှုပြုလုပ်နေစဉ်နှင့် ရန်သူ့စစ်ကြောင်း ဘေးနံကာများအပေါ် တိုက်ခိုက်မှုများကို အသုံးပြုခြင်းအားဖြင့် ပြောက်ကျားတပ်များသည် အင်အားနည်းသော်လည်း အောင်မြင်မှုရနိုင်ပါသည်။

၃။ လျင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်ခြင်း

ပြောက်ကျားတပ်များသည် လျင်မြန်သော ဆုံးဖြတ်ချက်များကို ရရှိနိုင်၊ ချမှတ်နိုင်သည့်အတွက် လျှပ်စီးများ၏ အရှင်ဟုပင် ဆိုနိုင်သည်။ စစ်ရေးအခြေအနေ မလှသောအခါ ပြောက်ကျားတပ်များသည် မိမိတို့၏ အခြေစိုက်စခန်းကို ချက်ချင်းပင် ဖျက်သိမ်းလိုက်နိုင်ပါသည်။ ရန်သူ၏ အင်အားများကို အသေးစားတိုက်ခိုက်မှုများသာ ပြုလုပ်ရမည်။ ပစ်မှတ်များကို ရေရှည်ဝန်းရံခြင်းမျိုး မပြုလုပ်ရန် လိုအပ်သည်။ မိမိတို့၏ ပြောက်ကျားနယ်မြေများတွင် အကျိုးအကြောင်းမသင့်သောအခါ၊ ထောက်ပံ့မှုများအတွက် ဝန်ပိလာနိုင်သည်ကို သတိပြုရမည်။

၄။ စစ်ပရိယာယ်

ပြောက်ကျားတပ်များသည် ရန်သူအား လှည့်စားသောနည်းများကို တွင်ကျယ်စွာ အသုံးပြုနိုင်ရမည်။ ပြောက်ကျား တပ်များသည် ပြည်သူလူထုကြားတွင် အုံကြွမှုများကို တိတ်တဆိတ်နှင့် မြန်မြန်ဆန်ဆန် လှုံ့ဆော်ပေးနိုင်သည်။ ပြောက်ကျားတပ်များသည် အလင်း၏ အလျှင်ဖြင့် ရွေ့လျားပြီး၊ မိမိတို့ တိုက်ခိုက်ရမည့် မြေမျက်နှာသွင်ပြင်ကို ကောင်းကောင်းကြီး သိနားလည်ထားရမည်။ ပြောက်ကျားတပ်များသည် မြေပြင်အနေအထား အလင်းအမှောင်၊ အချိန်အနေအထားနှင့် ရာသီဥတု မိုးတိမ်တောင်အခြေအနေများ (ဥပမာ - မြူခိုး)များကို အသုံးချ၍ တိုက်ခိုက်မှုများကို စီစဉ်နိုင်ကြသည်။

ပြောက်ကျားတပ်များသည် အများအားဖြင့် ညအချိန်တွင်ရွေ့လျားပြီး နေ့အချိန်တွင်အိပ်စက်ကြသည်။ တောတွင်းလမ်းများ၊ လူသွားလမ်းငယ်များကို အသုံးချ၍ အဓိကလမ်းမကြီးများနှင့် မြို့များကိုရှောင်ရှားကြသည်။ ကားနှင့် ရေလမ်းသယ်ယူပို့ဆောင်ရေးကိုလည်း မကြာခဏ အသုံးပြုကြရသည်။ ပြောက်ကျားများသည် လမ်းပန်းစီမံခန့်ခွဲမှုများကို ကျွမ်းကျင်အောင် လေ့လာထားကြရန် လိုအပ်သည်။

၅။ အခြေအနေများ

ပြောက်ကျားတပ်များသည် အခြေအနေ နှစ်ရပ် ရှိမှသာ အလုပ်လုပ်နိုင်သည်။

(၁) နေရာတိုင်းတွင် ပြောက်ကျားတပ်များရှိပြီး ၎င်းတို့သည် နေရာတိုင်း၌ပျံ့နှံ့တည်ရှိနေခြင်း။

(၂) ပြောက်ကျားတပ်ဖွဲ့များသည် ပြည်သူလူထုအပေါ် လက်နက်၊ ထောက်ပို့ပစ္စည်းများ၊ ထောက်လှမ်းရေးနှင့် ဝါဒဖြန့်ချိမှုများ အပါအဝင် စစ်ဆင်ရေးအတွက် လိုအပ်သောအရာအားလုံးတွင် မှီခိုမနေရခြင်း။

(ပြောက်ကျားတပ်များအတွက် ပြည်သူတို့၏ စိတ်အားလူအား ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါသည်။)

၆။ ချဲ့ထွင်မှု

ပြောက်ကျားစစ်ဆင်ရေးများသည် ယေဘုယျအားဖြင့် သေးငယ်သည့်အဆင့်မှစတင်ပြီး အဆက်မပြတ်ကြီးထွားလာရမည် ဖြစ်သည်။ အချိန်နှင့်အညီ စုဖွဲ့မှုများကို ရှေ့တိုးတည်ဆောက်ပြီး၊ အတူတကွ ချိတ်ဆက်ထားခြင်းဖြင့် ပြောက်ကျားအင်အား ကြီးထွားလာကာ ပေါင်းစပ်စစ်ဆင်ရေးများကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။

၇။ ပြောက်ကျားတပ်စုဖွဲ့ခြင်း

ပြောက်ကျားတပ်များ စုဖွဲ့ခြင်းတွင် အဓိက အချက်သုံးချက်ကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်ပါသည်။
(၁) ဒေသတစ်ခုတွင် လှုပ်ရှားနေသော ပြောက်ကျားတပ်ဖွဲ့ဝင်များတွင် အဓိကအားဖြင့် ဒေသခံများ ပါဝင်သင့်ပါသည်။
(၂) ပြောက်ကျားတပ်ဖွဲ့ဝင်များသည် စေတနာ့ဝန်ထမ်းများဖြစ်ပြီး စံပြပုဂ္ဂိုလ်တစ်ဦးကို အားကျနှစ်လိုတတ်ကြသည်။ သစ္စာရှိမှု၊ ရှုပ်ထွေးမှုနှင့် စည်းကမ်းများကို နားလည်လက်ခံပေးနိုင်မှုသည် ပုံမှန်စစ်တပ်တခုထက် ပိုမိုမြင့်မားရပေမည်။
(၃) ပြောက်ကျားတပ်ခေါင်းဆောင်များကို အထက်မှ အမည်စာရင်းပေး ခန့်အပ်ခြင်းထက် ဒေသခံများနှင့် ပေါင်းစပ်ချိတ်ဆက် ယုံကြည်မှု အားကောင်းနိုင်သူကို ရွေးချယ်ခန့်အပ်သင့်သည်။

အခြေခံမူများကို လိုက်နာဆောင်ရွက်ရန် -
(က) ပြောက်ကျားတပ်ဖွဲ့စည်းမှုများသည် အခြေအနေနှင့်အညီ ကွဲပြားနိုင်ပါသည်။
(ခ) တင်းကျပ်သော စစ်စည်းကမ်းများကို လိုက်နာရန်လိုသည်။
(ဂ) ပြောက်ကျားစည်းမျဉ်းများ ချိုးဖောက်ခြင်း (အဖွဲ့အစည်းကို မိမိသဘောဖြင့် စွန့်ခွာခြင်း၊ သစ္စာဖောက်ခြင်း၊ ယုံကြည်မှုအားနည်းခြင်း) တို့ကို ပြင်းထန်စွာအရေးယူရမည်။
(ဃ) ပြောက်ကျားတပ်များ၏ တာဝန်ခွဲဝေမှုများကို နားလည်သဘောပေါက်ရမည်။

၈။ ပြောက်ကျားတပ်လက်နက်တပ်ဆင်ခြင်း

လက်နက်ငယ်အားလုံးကို ပြောက်ကျားစစ် လက်နက်များအဖြစ် အသုံးပြုနိုင်ပါသည်။

- လက်ဖြောင့်ရိုင်ဖယ်များ
- ချေမှုန်းရေးရိုင်ဖယ်သေနတ်များ
- စက်ကလေးသေနတ်များ
- တစ်လုံးထိုးသေနတ်များ
- ပေါက်ကွဲစေတတ်သောပစ္စည်းများ
- လက်ပစ်ဗုံးများ
- ပစ္စတိုသေနတ်များ၊
- (၂) လက်မ မော်တာ
- နဂါးစက်လက်နက်များ
- ဒုံးပစ်လောင်ချာများ
- (၄၀) မမ ဂရင်းနိတ်
- ဗုံးသီးပစ်သေနတ်များ



ပြောက်ကျားစစ်ဆင်ရေးများစွာအတွက် ပေါက်ကွဲစေနိုင်သည့် လက်နက်များမှာ အလိုအပ်ဆုံး ဖြစ်ပါသည်။

၇။ ပြောက်ကျားစစ်ဆင်နွှဲခြင်း

(က) တိုက်ခိုက်ခြင်း

ပြောက်ကျားတပ်ဖွဲ့များသည် ပမာဆိုရလျှင် ရေနှင့်တူသည်။ ဗဟိုချုပ်ကိုင်မှုများကို ကြီးမားစွာ လျှော့ချထားပြီး အလုပ်များကို လွတ်လပ်စွာ ဖော်ဆောင်နိုင်သော အဖွဲ့ငယ်လေးများက ကိုယ်စားပြုလုပ်ကိုင်ကြရသည်။ ပြောက်ကျားစစ်ပွဲတွင်လည်း မဖြစ်မနေလိုက်နာရမည့် တိုက်ခိုက်မှု အခြေအနေ စည်းမျဉ်းများရှိပါသည်။ ပြောက်ကျားတပ်များသည် တိုက်ခိုက်မှုမတိုင်မီ စေ့စပ်စွာ ထောက်လှမ်းရန် လိုအပ်သည်။ ရန်သူ၏ အင်အားနှင့် ကာကွယ်ရေး အနေအထားများကို သေချာစွာ စစ်ဆေးရန်လိုအပ်သည်။ အခြေအနေအရ တတ်နိုင်သမျှ ညဘက်တွင်သာ လှုပ်ရှားကြရမည်။ ပြောက်ကျားတပ်များသည် ရန်သူကမြင်နိုင်ခြင်းမရှိဘဲ တတ်နိုင်သမျှ ပစ်မှတ်အနီး ချဉ်းကပ်ရမည်။ ပြောက်ကျားများသည် ရန်သူ၏အာရုံစိုက်မှုကို မိမိတို့ထံသို့ရောက်စေရန် ဆွဲဆောင်ပြီး လူဦးရေထူထပ်သောဒေသနှင့် ဒေသခံများကို ရန်သူ၏ အန္တရာယ်ပြုခြင်းမှ ကာကွယ်ပေးရမည်။

ပြောက်ကျားတို့၏ အစစ်အမှန် ပစ်မှတ်မှာ မည်သည့်အရာမှန်း ရန်သူက မှန်းမရနိုင်အောင် ယောင်ပြတိုက်ခိုက်မှုများကို တပြိုင်နက် လုပ်ရန်လိုအပ်သည်။ ပြောက်ကျားတပ်ဖွဲ့ဝင်သည် တစ်ဦးတည်း ရှင်သန်ရပ်တည်နေနိုင်ရန် လိုအပ်သည်။ တက်နိုင်သမျှ ပေါ့ပါးသော အဆင်တန်ဆာများကို တပ်ဆင်ထားရမည်။ ကောင်းမွန်စွာ ပုံဖျက်ဖုံးကွယ်နိုင်သော စစ်ဝတ်စစ်စားများနှင့် အသံဆိတ်ငြိမ်စေသော အီကွေ့မန့်များ လိုအပ်သည်။

ရန်သူနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များဖြင့် ပြောက်ကျားတပ်မှူးများသည် အစမ်းလေ့ကျင့်မှုများကို ပြုလုပ်ကြရမည်။ ပြောက်ကျားတပ်ဖွဲ့ဝင်တိုင်းသည် အစီအစဉ်အပေါ် အပြည့်အဝရှင်းလင်းစွာ နားလည်နေရမည်ဖြစ်ပြီး မိမိတာဝန်ကိုလည်းကောင်းစွာ နားလည်နေရမည် ဖြစ်သည်။

ရှုပ်ထွေးသော အစီအစဉ်များသည် တကယ်တမ်း တိုက်ခိုက်သောအခါ ကျရှုံးရန်ရာခိုင်နှုန်းများပါသည်။ ထို့ကြောင့် တိုက်ခိုက်မှုအစီအစဉ်များသည် ရိုးရှင်းတိကျစွာနှင့် အချိန်ကိုက်ရန် အထူးလိုအပ်ပါမည်။ အစီအစဉ်ချမှတ်ရာတွင် ဘက်ပေါင်းစုံမှ လေ့လာ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ဆောင်မှုကိုမူ ရှေ့သို့သာ ဦးတည်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) တပ်ဆုတ်ခြင်း/ဆုတ်ခွာခြင်း

ပြောက်ကျားတပ်ဖွဲ့ဝင်များသည် တိုက်ပွဲပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ တိုက်ပွဲဆက်များ ရှိလာမည်ဖြစ်ပြီး၊ နေ့စဉ်နှင့်အမျှ တိုက်ပွဲဝင်အသင့်ဖြစ်ရန်နှင့် အသက်ရှင်နေထိုင်နိုင်ရန် ကြိုးစားကြရမည်။ ခွာစစ်ဆင်ခြင်းသည် စစ်သဘောတရားအရ တိုက်စစ်ဆင်သကဲ့သို့ပင် အရေးကြီးပါသည်။ တပ်ဆုတ်ခြင်းကို လေ့ကျင့်မထားသောကြောင့် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်များ စစ်ရှုံးခဲ့ရသည်ကို သင်ခန်းစာယူရန် လိုအပ်သည်။ လွဲချော်မှုများ မဖြစ်စေရန် ကြိုတင်လေ့ကျင့်ထားရမည်။ မည်သည့်ခွာစစ်ဆင်လမ်းကြောင်းများက အန္တရာယ်ကင်းရှင်းမည်ကို ရှင်းရှင်းလင်းလင်း နားလည်ထားရန် လိုအပ်သည်။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

မူလဆုတ်ခွာမည့် အစီအစဉ်အတိုင်း ဖြစ်မလာပါက၊ အရန်အစီအစဉ်များ ချမှတ်ကာ အခြားဆုံရပ်တစ်ခုသို့ ပြန်လည်ဆုတ်ခွာနိုင်ရပေမည်။ ဒဏ်ရာရသူများအား ကယ်ဆယ်သည့် အစီအစဉ်များလည်း ရှိသင့်သည်။ တိုက်ခိုက်ချေမှုန်းမှုများ အပြီးတွင် ရန်သူ၏ အားနည်းချက်များ၊ လုပ်နိုင်စွမ်းအားများကို တိုင်းတာခြင်း၊ မိမိတို့၏ အားနည်းချက်အားသာချက်များကို သင်ခန်းစာ ထုတ်ဖော်ခြင်းစသော တိုက်ပွဲသုံးသပ်ချက်များကို ပြုလုပ်ရန် လိုအပ်သည်။

(ဂ) ခံစစ်ဆင်ခြင်း

ပြောက်ကျားတပ်ဖွဲ့များအနေဖြင့် ခံစစ်သေဆင်နွှဲခြင်းကို တတ်နိုင်သလောက်ရှောင်ရှားကြရမည်။ သို့သော် ပြောက်ကျားတပ်ဖွဲ့များအနေဖြင့် အောက်ပါ အခြေအနေများနှင့် တွေ့ကြုံလာသောအခါ ခံစစ်ဆင်ရခြင်းကို မလွှဲသာမရှောင်သာ ကြုံတွေ့ရခြင်းများလည်း ရှိတတ်သည်။

(၁) ရန်သူများက မိမိတို့၏ ထွက်ပေါက် လမ်းကြောင်းများကို ပိတ်ဆို့တားဆီးဖျက်ဆီးရန်နှင့် လှုပ်ရှား စစ်ကြောင်းများကို ဖယ်ရှားရန် ကြိုးစားလာသည့် အခြေအနေများ။ ဥပမာ -

(က) ပြောက်ကျားတပ်များ၏ နေရာချထားမှုကို ရန်သူမှတွေ့ရှိသွားပြီး၊ သာလွန်အင်အားဖြင့် မိမိတို့၏ အားနည်းသော နေရာများသို့ ထိုးနှက်လာသည့်အခြေအနေများ

(ခ) ပြောက်ကျားတပ်များ၏ မျက်ကွယ်တွင် ရန်သူမှ တိတ်တဆိတ်လှုပ်ရှားပြီး ဝိုင်းဝန်းပိတ်ဆို့လာသည့် အခြေအနေများ

(ဂ)ရန်သူ၏ ခံစစ်လိုင်း အားပျော့သောနေရာများသို့ မိမိတို့ပြောက်ကျားများမှ ထိုးဖောက် ဝင်ရောက်သွားချိန်တွင် ရန်သူမှ နှစ်ဘက်ညှပ်ကာ ပြန်ဝိုင်း၍ တိုက်ခိုက်နိုင်သော အခြေအနေများ

(၂) ရန်သူမှ ပြန့်ကျဲနေသော အင်အားများကို စုစည်း၍ ပေါင်းစပ်တိုက်ခိုက်လာသော အခြေအနေများ

အဆိုပါ နည်းပရိယာယ်ဖြင့် ပြောက်ကျားတပ်များ တခုနှင့်တခု အကူအညီမပေးနိုင်အောင် ပြုလုပ်လေ့ရှိသည်။ ပြောက်ကျားတပ်များ၏ တိုက်ခိုက်ရေးတွင် အားနည်းသောနေရာများ ဖြစ်ပေါ်လာနိုင်သည်။

(၃) ပြောက်ကျားတပ်ဖွဲ့များအား အုပ်ချုပ်ထောက်ပံ့ လုပ်ဆောင်နေသော အခြားအင်အားစုများနှင့် အခြေခံဒေသများကို ရန်သူမှ ဝင်ရောက်တိုက်ခိုက်နိုင်သော အခြေအနေများ

(၄) လက်နက်အင်အား ခိုင်မာတောင့်တင်းသော ရန်သူသည် ပြောက်ကျားများကို သေးငယ်သော ကြိုးများအဖြစ် အပိုင်းပိုင်း ဖြတ်တောက်၍ ပြောက်ကျားများ၏ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်ကို တားဆီးနိုင်သော အခြေအနေများ။ ယင်းသို့မဖြစ်လာစေရန် ပြောက်ကျားတပ်များ အနေဖြင့် အခြေအနေများ ရှုပ်ထွေးမှုကို အသုံးချရမည်ဖြစ်ပါသည်။ ကင်းထောက်စနိုက်ပါများကို တွင်ကျယ်စွာအသုံးပြုခြင်းအားဖြင့် ရန်သူ၏ တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရမည်။ ပြောက်ကျားတပ်ဖွဲ့များသည် ရန်သူ၏ အဓိကအင်အားကို ဖြိုခွဲရေး လုပ်ဆောင်ရမည် ဖြစ်သည်။ နည်းဗျူဟာ မြောက်ရွေ့လျားမှုကို အသုံးပြုခြင်းနှင့် လမ်းတံတားများကို ရှောင်ရှားခြင်းဖြင့် ပြောက်ကျားများသည် ရန်သူ၏ အားနည်းသော နေရာများကို တွေ့ရှိနိုင်ပါသည်။)

(၅) Shock units - ရန်သူမှ နယ်မြေကို ဝိုင်းထား၍ ပြောက်ကျားများကိုဖျက်ဆီးရန်နှင့် ထိတ်လန့်စေရန် သာလွန်အင်အားကို အသုံးပြုလာသော အခြေအနေများ

(၆) ရန်သူအထူးတပ်ဖွဲ့များမှ ပြောက်ကျားများအပေါ် ရုတ်တရက်တိုက်ခိုက်ခြင်းနှင့် သုတ်သင်ခြင်း ပြုလုပ်လာသော အခြေအနေများ (တန်ပြန်ပြောက်ကျား)

ဂ။ ခံစစ်ပြင်ဆင်ခြင်း

ပြောက်ကျားတပ်ဖွဲ့များ၏ ယူနစ်များအားလုံးသည် ဘက်စုံကာကွယ်ရေးအတွက် ပြင်ဆင်ရမည် ဖြစ်သည်။ ခိုင်မာသည့် အမြဲတမ်း အခြေစိုက်စခန်းဖြစ်လျှင် သေချာသည့် ပစ်ခတ်မှုဇုန်ကာကွယ်ရေးစနစ်များ ပိုမိုလိုအပ်ပါသည်။ ခံစစ်၏ အစိတ်အပိုင်းတစ်ခုစီသည် အခြားတစ်ခုအားထောက်ပံ့ရန်အတွက် Zip Zap ပုံသဏ္ဌာန် နေရာချထားမှုလိုအပ်ပါသည်။ ခံစစ်စည်းအတွင်း လူများနေရာချထားမှုနှင့် ခေါင်းဆောင်များ နေရာချထားရန် အတွက်လည်း ပြင်ဆင်ကြရမည်။ ချဉ်းကပ်လာမှုအားလုံးကို သိရှိရန်အတွက် ကင်းစောင့်စနစ်နှင့် စကားဝှက် စနစ်များလည်း လိုအပ်သည်။ မြေအလိုက် ရှေ့ဆွဲမိုင်း၊ နင်းမိုင်း၊ မိုင်းကွင်းများ၊ ကျားလန်ခြစ်စည်းရိုးများ၊ ညှောင့်ကျင်းများ၊ စက်သေနတ် ပုံသေပစ်ကြောင်းများထားရပါမည်။ လက်နက်ကြီးများကို ဖုံးအုပ် တပ်ဆင်ထားရမည်။ မိုင်းများနှင့် တင့်ဖျက်ထောင်ချောက်များ၊ တင့်ဖျက်မိုင်းများ၊ ဆွဲမိုင်းများသည် လမ်းမများနှင့် လမ်းကြောင်းများကို ပစ်အားဖြင့် စိုးမိုးထားနိုင်ရန် ရည်ရွယ်တပ်ဆင်ထားရမည်။

ရန်သူတပ်များကို ပိတ်ဆို့ဖြတ်တောက်တိုက်ခိုက်နိုင်ရန် လှုပ်ရှားတပ်ဖွဲ့များဖြင့် ပြင်ဆင်ထားရ မည်။ ရန်သူ၏ အခြေစိုက်စခန်းမှ တပ်ကူမလွတ်နိုင်သော နေရာများတွင်လည်း တိုက်ခိုက်မှုများကို ပြင်ဆင်ကြရပါမည်။ ရန်သူ၏အားနည်းသော ဝဲ/ယာ တောင်ပံများကို စတင်ထိုးနှက်ရန် ပြင်ဆင်ရပါမည်။ ပြောက်ကျားတပ်ဖွဲ့များသည် ရန်သူဖန်တီးထားသော တိုက်ပွဲအခြေအနေများတွင် တိုက်ခိုက်ရန်မဟုတ်ပါ။ မိမိတို့ဘက်က ရန်သူအင်အား အနည်းဆုံးအနေအထားအဖြစ် ဖန်တီးထားသော အခင်းအကျင်းတွင်သာ ရန်သူကိုထိုးနှက်ရပါမည်။

ဃ။ ပြောက်ကျားစစ်နှင့် သတင်းအချက်အလက်

ပြောက်ကျားလှုပ်ရှားမှုများ၏ ရည်ရွယ်ချက်ကို သိရှိနားလည်မှုရှိရန် လိုအပ်သည်။ ရည်ရွယ်ချက်ပန်းတိုင်များအား ရှင်းရှင်းလင်းလင်း ချမှတ်ထားရမည်။ တိကျသော သတင်းစကားများ ပေးရန်လိုအပ်သည်။ သတင်းစကား ပေးခြင်းသည်ပင်လျှင် အသိပညာဖြန့်ဝေခြင်း တမျိုးပင် ဖြစ်သည်။ အသိပညာပေးခြင်း၏ အစိတ်အပိုင်းတရပ်အနေဖြင့် ရန်သူ၏ ဝါဒဖြန့်ချိမှုများအားပြန်လည်ချေဖျက်နိုင်သည်။ ပြောက်ကျားစစ်ဆင်ရေးဆိုင်ရာ ပညာပေးလှုံ့ဆော်မှုများကိုစဉ်ဆက်မပြတ်ပြုလုပ်ရမည်။ ရန်သူ၏ ဝါဒဖြန့်ချိရေး ယန္တရားများကို ပြန်လည်တိုက်ဖျက်ရမည်။ ရန်သူသည် ဒေသခံလူထုနှင့် ကမ္ဘာကြီးအား လိမ်ညာနေသည်ကို မီးမောင်းထိုးပြရမည်။ ပြောက်ကျားစစ်ဆင်ရေး အဆုံးသတ်သည် ရန်သူ၏ အရင်းအမြစ်များနှင့် ဒေါက်တိုင်များအား ဖျက်ဆီးပစ်ရေးပင်ဖြစ်သည်။ တနိုင်ငံလုံးအတိုင်းအတာဖြင့် လူထုလှုပ်ရှားမှုများ အားကောင်းလာစေရန်အတွက် လူထု၏ ယုံကြည်မှုကိုသတင်းအချက်အလက်များဖြင့် တည်ဆောက်ပေးရန် လိုအပ်သည်။

လုပ်ဆောင်ရမည်များမှာ -

(၁) ယခုကဲ့သို့ တော်လှန်တိုက်ခိုက်ရမှုများသည် အမှန်တကယ် လူထုအတွက် လိုအပ်ပြီး၊ တော်လှန်ရေးကြောင့် ရရှိမည့် ကောင်းမွန်သော အသီးအပွင့်များရှိလာမည်ဖြစ်ရာ၊ ဖွဲ့စည်းရန် အရေးကြီးသည်ကို လူထုအား သတင်းစကားပေးရမည်။ လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတိုက်ပွဲသည် အဆုံးသတ်တွင် အောင်မြင်မှုများ ရရှိရမည်ဖြစ်ပြီး၊ ထိုသို့အောင်မြင်မှု ရရှိရန်မှာ လူထု၏ ဖွဲ့နှင့် ကြံ့ကြံ့ခိုင်နိုင်မှုပေါ်တွင် မူတည်မည်ဖြစ်ကြောင်း သတင်းစကားပေးရမည်။

(၂) လူထုလှုပ်ရှားမှုနှင့် တော်လှန်ရေးများရှိနေရခြင်း၏ အကြောင်းရင်းများနှင့်ပတ်သက်ပြီး ကမ္ဘာကြီးသို့ အသိပေးရမည်။

(၃) ရန်သူ၏ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ဝါဒဖြန့်ချိမှုများအား တိုက်ဖျက်ရန် ၎င်းတို့ အသုံးပြုနေသည့် နည်းလမ်းများအား လေ့လာဖော်ထုတ်ခြင်းရမည်။ ရန်သူလုပ်ဆောင်နေသော မတရားမှုများအား စဉ်ဆက်မပြတ် ထောက်လှမ်းသုံးသပ်ပြီး အားနည်းစေအောင် လုပ်ဆောင်ရမည်။

(၄) လူထုတော်လှန်ရေးလှုပ်ရှားမှုများတွင် တက်ကြွစွာဖြင့် ချိတ်ဆက်ပါဝင်လာစေရန် စိတ်ပိုင်းဆိုင်ရာ ဆန္ဒရှိမှုများအား ခိုင်မာစေရမည်။

ပြောက်ကျားစစ်အတွက် သတင်းအချက်အလက်များရရှိနိုင်သည့်ပင်မအရင်းအမြစ်သည် သတင်းစာများ၊ လက်ကမ်းစာစောင်များ၊ ရေဒီယို သတင်းများနှင့် လူအများကြား ပြောဆိုဆွေးနွေးမှုများပင် ဖြစ်သည်။ အခြားသော သတင်းအချက်အလက်ရရှိနိုင်သည့် နည်းလမ်းများလည်း ရှိပါသည်။ ဥပမာအားဖြင့် မိမိတို့ လူထုထံ သတင်းအချက်အလက်ပေးလိုသည့် သတင်းစကား ဆောင်ပုဒ်များအား ရေးဆွဲပုံဖော်ခြင်း၊ ကြွေးကြော်ခြင်း၊ ထုတ်ဖော်ကြေညာခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိရန် နည်းလမ်းမျိုးစုံဖြင့် အသုံးပြုလုပ်ဆောင်ရမည်ဖြစ်သည်။ လူထုတော်လှန်ရေး လှုပ်ရှားမှုများ၏ ရည်ရွယ်ချက် အကြောင်းရင်းသည် လူထုကြား သိရှိနားလည်စေရမည်ဖြစ်ပြီး၊ လူထုအနေဖြင့် တော်လှန်ရေးလုပ်ရခြင်းအပေါ် သံသယကင်းစွာထောက်ခံအားပေးဖြင့် မိမိတို့၏ တော်လှန်ရေးရည်မှန်းချက်များလည်း အောင်မြင်လာမည် ဖြစ်သည်။

သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုပေးခြင်းသည် စဉ်ဆက်မပြတ် လှုပ်ရှားလည်ပတ်နေရမည်ဖြစ်ပြီး အမြင့်ဆုံးသော ရလဒ်များရရှိရန် လိုအပ်ပါသည်။ ထိုသို့ ရရှိရန် လုပ်ဆောင်ရမည့် အယူအဆများမှာ -

၁) ရန်သူ၏ အားနည်းချက်များနှင့် ရန်သူဘက်ရှိ ဝါဒဖြန့်ချိမှုများအား ရှာဖွေသိရှိခြင်း

၂) နိုင်ငံရေးနှင့် လူမှုဘဝများအတွက် ရန်သူလုပ်ဆောင်ချက်များသည် မည်သို့ သွေဖီနေသည်ကို ဖြန့်ဝေခြင်း

၃) ၎င်းသွေဖီသည့်လမ်းကြောင်းများအား မည်သို့ကုစားသင့်သည်နှင့် မည်သို့ချေဖျက် လုပ်ဆောင်ရမည်ကို သိရှိခြင်း

၄) လူထု၏ စဉ်းစားချက်များနှင့် အမြဲတစေ ထိတွေ့ဆက်စပ်ခြင်း စသည်တို့ ဖြစ်သည်။

၁၀။ ပြောက်ကျားတိုက်ပွဲဝင် မှတ်ရများ

စီးနင်းတိုက်ခိုက်ခြင်း
အစီအစဉ်များသည် ရိုးရှင်းပြီး အချိန်ကိုက် ဖြစ်ရန်လိုသည်။ လိုအပ်လျှင် ရှေ့ပြေး လေ့ကျင့်မှုများ လုပ်ရမည်။ တာဝန်ပေါ် မူတည်ပြီး၊ အထူး လေ့ကျင့်သင်ကြားမှုများ လုပ်ဆောင်ရမည်။ အခြေအနေပေါ် မူတည်၍ အစီအစဉ် ချနိုင်ခြင်း စွမ်းရည်များ ရှိရမည်။

ချုံခိုတိုက်ခိုက်ခြင်း
ကြိုတင်ပြင်ဆင်မှုများ မပေါက်ကြားစေရန် သေချာစွာ ထိန်းထားနိုင်ရမည်။ ပြောက်ကျား တပ်ဖွဲ့များကို အုပ်စုငယ်များ ဖွဲ့စည်းပေးပြီး၊ စုရပ်သို့ ရွှေ့လျားခြင်းဖြင့် စုဝေးသင့်သည်။ ပြောက်ကျား စစ်ဆင်ရေး တပ်သားများအား စစ်ဆင်ရေးအစီအစဉ်၊ မည်သို့ ဆုတ်ခွာမည်နှင့် နောက်ဆုံးစုရပ် အကျဉ်းချုပ်ကို ပြောပြထားရမည်။

အားသာချက်
ရပ်သူ တည်ရှိရာနေရာနှင့် စခန်းဖွဲ့စည်းပုံကို သိရှိခြင်းသည် အားသာချက်ပင် ဖြစ်သည်။ လက်နက်တိုက်အား ဝင်ရောက်စီးနင်းပြီး အနီးအနားရှိတပ်စခန်း အဆောက်အအုံများကို ဝင်ရောက် တိုက်ခိုက်ချေမှုန်းနိုင်လျှင် ပိုကောင်းသည်။ တပ်စခန်း တစ်ခုမှ တစ်ခုသို့ ဝင်ရောက်တိုက်ခိုက်လာနိုင်ခြင်း မရှိစေရန် တားဆီးရမည်။

ကင်းလှည့်ခြင်း
စစ်ဆင်ရေး ရည်မှန်းချက် တိကျပြတ်သားရန်လိုသည်။ ပြောက်ကျားတပ်ဖွဲ့ဝင်များသည် ၎င်းတို့ လုပ်ရမည်များကိုတိကျစွာ သိရမည်။ အလှည့်ကျ တာဝန်ထမ်းဆောင်မည့်သူများ ရှိထားရမည်။ ချီတက်၊ ရပ်နား၊ စုရပ်၊ ဦးတည်လမ်းကြောင်းနှင့် ဆုတ်ခွာလမ်းကြောင်းများကို မှတ်သားထားရမည်။ မြေပြင်အခြေအနေ၊ ရာသီဥတု အနေအထား၊ ရန်သူ၏ အခြေအနေအား သိရှိအကဲခတ်ထားရမည်။ အခြေအနေများအား အကဲခတ်မည့် ကင်းထောက်များအား အသုံးပြုရမည်။

အဆောက်အအုံအတွင်း ရှာဖွေခြင်း
အဆောက်အအုံ၏ ရှေ့နှင့် နောက်ခြမ်းအား အကာအကွယ်ယူရမည်။ တပ်ဖွဲ့ဝင် (၂) ဦးမှ သတိရှိရှိဖြင့် ကြိုတင် စူးစမ်းပြီး တိတ်တဆိတ် ဝင်ရောက်ရမည်။ တစ်ဦးနှင့်တစ်ဦး အချက်ပြ ဆက်သွယ် ဝင်ရောက်ရမည်။

စီးနင်းတိုက်ခိုက်ခြင်း

၁) စတင် စီးနင်းတိုက်ခိုက်မည့် နေရာအား ရွေးချယ်ပါ။

၂) အကြောင်းကိစ္စရပ်နှင့် ပတ်သက်ပြီး လုပ်ဆောင်ရန်များကို ညွှန်ကြားပါ။ လိုအပ်ပါက နောက်ဆုံးအကြိမ် ကင်းထောက်စုံစမ်းခြင်းကို ပြုလုပ်ပါ။

၃) စီးနင်းတိုက်ခိုက်ရန် ပြင်ဆင်မှုပြီးသည်အထိ၊ အနီးနားရှိ ပုန်းကွယ်ရန် နေရာတခုခုအနီးတွင် ပုန်းကွယ်နေပါ။ ပြင်ဆင် ဆောင်ရွက်ချက်များကို လျှပ်တပြက်လှုပ်ရှား ဆောင်ရွက်သင့်ပါသည်။ လျှပ်တပြက် မဟုတ်ပါက စီစဉ်ထားသည့် လျှပ်တပြက်တိုက်ခိုက်ခြင်းအစီအစဉ် ပျက်သွားနိုင်ပါသည်။

(၄) တိုက်ခိုက်ခြင်း အခြေခံသည် သေနတ်ပစ်ဖောက်ခြင်းနှင့် ရွေ့လျားလုပ်ဆောင်ခြင်းတို့ပင် ဖြစ်သည်။ နောက်ဆုံးမိနစ်တိုင်အောင် (သို့) ကြိုတင်စီစဉ်ထားသည့် အချက်ပြချိန်အထိ သေနတ်မဖောက်မိအောင် ထိန်းထားပါ။ ရွေ့လျားရာတွင် ၃ယောက်တွဲ စိန့်ပွင့်ပုံသဏ္ဍာန် လှုပ်ရှားပါ။ မြင်ကွင်း အားလုံးကို မြင်ရအောင်နေရာယူပါ။

၅) စီးနင်းတိုက်ခိုက်သည့်အခါ တိုက်ခိုက်ရန် စိတ်အားထက်သန်မှုနှင့် မိမိတာဝန်အား သိရှိလုပ်ဆောင်ပြီး ထိရောက်မှုရှိစွာ လုပ်ဆောင်ရန် လိုပါသည်။ အဆင့်ဆင့်လုပ်ဆောင်နိုင်လျှင် စစ်ဆင်ရေး အောင်မြင်ပြီးဆုံးမည် ဖြစ်သည်။

၆) ခွာစစ်ဆင်ရာတွင် ပစ်ဖောက်ခြင်းနှင့် လျှင်မြန်ဖြတ်လပ်စွာ ဆုတ်ခွာပါ။

၇) ရန်သူကို မျက်ခြေဖြတ်ပြီး ယခင် စုရပ်နေရာတွင်ပြန်စုပါ။ လိုအပ်ပါက အခြားစုရပ်နေရာကိုလည်း ကြိုတင် စဉ်းစားထားရန်လိုသည်။

၈) စစ်ဆင်ရေးပြီးဆုံးပါက ပြောက်ကျားစခန်း အခြေစိုက်ရာနေရာသို့ ပြန်လည်ဝင်ရောက်ပါ။

ညွှန်ကြားချက်များ

ညွှန်ကြားချက်များသည် အားလုံးကို လွှမ်းခြုံပြီး လိုရင်းတိုရှင်း ဖြစ်ရမည်။

၁) ရန်သူ၏ သတင်းအချက်အလက်များ

၂) စစ်ဆင်ရေးတွင် ဘာလုပ်ရမည်လဲ။ မည်သည့်နည်းလမ်းဖြင့် ဒီစစ်ဆင်ရေးကို ဆောင်ရွက်မည်လဲ။

စစ်ဆင်ရေးနည်းလမ်းတွင် ပါဝင်ရမည့် အချက်များမှာ -

စစ်ဆင်ရေး နည်းလမ်း

- (က) အစီအစဉ်
- (ခ) လမ်းကြောင်း
- (ဂ) ဖွဲ့စည်းခြင်း
- (ဃ) အဆင့်ဆင့် လုပ်ငန်းဖော်ဆောင်မှု
- (င) ဆုတ်ခွာခြင်း အစီအစဉ်
- (စ) မှူလစုစည်းရပ်
- (ဆ) အခြားစုစည်းရပ်
- (ဇ) ပြောက်ကျားစခန်း အခြေစိုက်ရာနေရာသို့ ပြန်လည်ဝင်ရောက်မည့် နည်းလမ်း

အုပ်ချုပ်စီမံမှု

အုပ်ချုပ်စီမံမှုတွင်

(က) လက်နက်များ ထောက်ပံ့ပို့ဆောင်ခြင်း၊

(ခ) အခြားလိုအပ်သည့် လက်နက်ပစ္စည်းများ

(ဂ) ခဲယမ်းမီးကျောက်များထားသည့်နေရာ

(ဃ) ဒဏ်ရာရသူများအား အရေးပေါ် ကုသခြင်းများ ပါဝင်သည်။

ဆက်သွယ်ချိတ်ဆက်ရေး - တိုက်ခိုက်ခြင်း၊ ဆုတ်ခွာခြင်းနှင့် အခြားကိစ္စရပ်များအတွက် အချက်ပြခြင်း လုပ်ဆောင်ပါ။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်၊

တိုက်ပွဲဖော်ဆောင်ခြင်း

အချိန်နာရီများသည် အားလုံးတပြေးညီ ရှိရမည်။ ညွှန်ကြားချက်များအား ပြန်ဖတ်ပြီး မရှင်းလင်းသည်များကို မေးမြန်းစေပါ။ ရန်သူ၏ အဓိကဗဟိုချက်ကိုတိုက်ခိုက်သည့်အခါ အပြင်းထန်ဆုံး ဖောက်ခွဲခြင်းများကို ပြုလုပ်ရမည်။ ထိုသို့တိုက်ခိုက်ခြင်းကို ညအချိန်တွင် တိတ်တဆိတ် ဆောင်ရွက်သင့်သည်။ စတင်တိုက်ခိုက်ပြီ ဆိုသည်နှင့် အပြင်းထန်ဆုံးနှင့် တရစပ် တိုက်ခိုက်ရမည်ဖြစ်ပြီး ရန်သူ၏ ကတုတ်ကျင်းများကိုလည်း ဦးတည်ရမည်။ တရစပ်ပစ်ခတ်ပြီးနောက် သတ်မှတ်ထားသောနေရာတွင် ရပ်ရန်ကြိုတင်ပြင်ဆင်ထားရမည်။

တိုက်ခိုက်ရေးအဖွဲ့များသည် ပစ်ခတ်ဖောက်ခွဲသည့် အဖွဲ့မှ ကျယ်ပြန့်သော ထောင့်အနေအထားဖြင့် ရှိသင့်သည်။ (၉၀ ဒီဂရီ အနေအထားဖြင့် တည်ရှိခြင်း)

ဝင်ပေါက်အား သတ်မှတ်ပြီးနောက် တိုက်ခိုက်မည့်အဖွဲ့သည် ပြင်ဆင်လေ့ကျင့်ထားသည့် အတိုင်း တစ်ယောက်ကို တစ်ယောက် အကာအကွယ်ယူလျက် လျှင်မြန်စွာ ရွေ့လျားသင့်သည်။ မြေအောက်ခန်းကို လက်ပစ်ဗုံးများ၊ စက်သေနတ်များဖြင့်ပဲ ဖောက်ခွဲရှင်းလင်းရမည်။ ဖြစ်နိုင်လျှင် အနီးနားမှ ဒုတိယ တိုက်ခိုက်ရေးအဖွဲ့များက တပ်ကူအနေဖြင့် ဝင်ပေးနိုင်လျှင် ပိုကောင်းပါသည်။ အချက်ပြ ဆက်သွယ်မှုများပြုလုပ်ရမည်။ ပထမ တိုက်ခိုက်ရေး အဖွဲ့များ ပြန်လည်ထွက်ခွာနိုင်ပြီး ရန်သူအား ကာကွယ်တိုက်ခိုက်ပေးထားနိုင်မည် ဖြစ်သည်။ ထို့နောက် ဖြိုဖျက်ရေးအဖွဲ့မှ ရန်သူ့စခန်းအား ဖျက်ဆီးပစ်ရမည်။

ပြောက်ကျားစစ်ဆင်ရေး ခေါင်းဆောင်သည် စစ်ဆင်ရေးအတွက် ခန့်မှန်းတွက်ချက်ထားသည့် အခြေအနေအတိုင်း စီမံခန့်ခွဲနိုင်ရန်မှာ အရေးကြီးပါသည်။ စစ်ဆင်ရေး အစီအစဉ် အတွက် အားနည်းချက်များ၊ သတင်း အချက်အလက် လိုအပ်ချက်များ၊ ထောက်ပံ့ရေးပစ္စည်းကိရိယာများ ဖြည့်တင်းရန်လိုအပ်ချက်များကို အကဲဖြတ်ရမည် ဖြစ်သည်။ ခန့်မှန်းတွက်ချက်မှုသည် လုပ်ဆောင်မည့် လုပ်ငန်းစဉ်အတွက် အခြေအနေအား ကြိုတင်ခန့်မှန်း သုံးသပ်ထားနိုင်သည်။

ပြောက်ကျားစစ်လုပ်ငန်းစဉ်များ

(၁) စစ်ဆင်ရေးရည်မှန်းချက်ချမှတ်ခြင်း

(၂) လုပ်ငန်း အခြေအနေနှင့် အကြောင်းရင်းများ

(က) ရန်သူ၏ သဘောထားများ၊ လုပ်ဆောင်ချက်များ၊ အားသာချက်များ၊ ဖြည့်တင်းထားမှုများ၊ ရာသီဥတု အခြေအနေနှင့် အချိန်အခါ၊ ရန်သူ၏ လက်နက်ပစ္စည်းများ၊ ထောက်ပံ့ရေးနှင့် ဆက်သွယ်ရေး။

(ခ) ရန်သူ၏ စွမ်းဆောင်ရည်များ

(ဂ) လှုပ်ရှားဆောင်ရွက်ရန် ပို့ချ လေ့ကျင့်ခြင်း - စစ်ဆင်ရေးတွင် အသုံးပြုရမည့် နည်းလမ်းများ

(၃) စစ်ဆင်ရေးဆောင်ရွက်ရာတွင် ဖြစ်လာနိုင်ချေများအား သုံးသပ်ခြင်း - စစ်ဆင်ရေးဆောင်ရွက်ချိန်တွင် ရန်သူ၏ စွမ်းဆောင်ရည် အခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား သုံးသပ်ထားခြင်း။

(၄) အခြားသော စစ်ဆင်ရေး စီမံမှုများနှင့် ချိန်ထိုးကြည့်ခြင်း - အားနည်းချက်နှင့် အားသာချက်များ ချိန်ထိုးကြည့်ခြင်း၊ မည်သည့် နည်းလမ်းသည် မိမိတို့ လှုပ်ရှားဆောင်ရွက်ရမည့် စစ်ဆင်ရေးအတွက် အကောင်းဖြစ်သလဲ ဆိုသည်ကို ဆုံးဖြတ်ရွေးချယ်ခြင်း။

(၅) ဆုံးဖြတ်ချက်ချမှတ်ခြင်း - မည်သို့ လှုပ်ရှားဆောင်ရွက်မည်ကို ရွေးချယ်ပြီးနောက် မည်သည့်အချိန်၊ မည့်သည့်နေရာနှင့် မည်သို့ လုပ်ဆောင်မည်ကို အကျဉ်းချုပ် ထုတ်ပြန်ခြင်း။

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

၁၁။ ပြောက်ကျားစခန်း၊ အခြေခံနယ်မြေနှင့် ပြောက်ကျားနယ်မြေ

ပြောက်ကျားစခန်းများသည် တိုက်စစ်နှင့် ခွာစစ်များအတွက် စတင်စုစည်းသည့် နေရာဖြစ်သကဲ့သို့၊ လေ့ကျင့်ရေးနှင့် တိုက်ပွဲများတွင် ဒဏ်ရာရသူများအတွက် အရေးပေါ် ကုသရေးဌာနအဖြစ် လည်းကောင်း၊ အထွေထွေ ကိစ္စရပ်များအတွက် စုစည်းရမည့် စုရပ်အဖြစ် လည်းကောင်း တည်ရှိရမည့်နေရာများဖြစ်သည်။ ပြောက်ကျားစခန်းများကို အခြေပြု၍ ရန်သူအား ဝင်ရောက်စီးနင်းခြင်း၊ ရန်သူ၏ ဆက်သွယ်ရေးလမ်းကြောင်းများအားဖြတ်တောက်ခြင်း၊ ရန်သူ၏ အားသာချက်များအား အားပျော့စေခြင်းနှင့် စဉ်ဆက်မပြတ် တိုက်ခိုက် ချေမှုန်းခြင်းတို့ကို လုပ်ဆောင်ကြရသည်။ ပြောက်ကျားအခြေစိုက်နေရာများသည် ဧရိယာအတိုင်းအတာအားဖြင့် ကျယ်သည့် အတိုင်းအတာတစ်ခု (သို့မဟုတ်) သေးငယ်သည့်စခန်းငယ်တခုဖြစ်နိုင်သကဲ့သို့၊ စခန်းနေရာ အနေအထားအားဖြင့်လည်း ရိုးရှင်းမှု (သို့မဟုတ်) ရှုပ်ထွေးမှုပေါ်မူတည်သည့် တည်ရှိပုံ အနေအထားဖြစ်ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

ပြောက်ကျား စစ်လုပ်ရှားဒေသ အတွင်းအင်အားအတော်အတန်တည်ဆောက်နိုင်ပြီး၊ စနစ်တကျစုဖွဲ့မှုများ လုပ်ဆောင်လာနိုင်ပါက၊ အခြေစိုက်ပြောက်ကျားစခန်းများ ပေါ်ထွက်လာရန် လိုအပ်ပါသည်။ အခြေစိုက်ပြောက်ကျားစခန်းများသည် ယာယီစခန်းအဖြစ်သာ တည်ရှိရမည်။ အခြေအနေပေါ်မူတည်ပြီး အခြေစိုက်စခန်းများကို လိုအပ်သလို နေရာ ရွှေ့ပြောင်းရမည်။ အခြေစိုက်စခန်းများထားရှိခြင်းကို ရန်သူဘက်မှ ထောက်လှမ်း သိရှိပါက ရန်သူ၏ ဦးတည်တိုက်ခိုက်မှုကို ခံရနိုင်ချေရှိသည်။ မိမိစခန်းအား တိုက်ခိုက်ခံရပါက မည်သို့ အောင်မြင်စွာဆုတ်ခွာမည်ဆိုသည့် စည်းမျဉ်းများအားလည်း ချမှတ်ထားရမည် ဖြစ်သည်။ အခြေစိုက် ပြောက်ကျားစခန်းမှ ဆုတ်ခွာနိုင်မည့် လျှို့ဝှက်လမ်းကြောင်းများစွာကို စီစဉ်ထားရန် လိုအပ်သည်။ ပြောက်ကျား အခြေစိုက်စခန်းသို့ ဝင်ရာလမ်းကြောင်းသည် လမ်းကြောင်းတစ်ခုသာ ရှိသင့်ပြီး၊ ပြောက်ကျား အခြေစိုက်စခန်းကို လူသူ အဆက်အသွယ်များနှင့် ဝေးသောတောတောင်ထူထပ်သောနေရာများ၊ ရွံ့နွံများ ထူထဲစွာ တည်ရှိနေရာများ ကဲ့သို့သော လူသူနေထိုင်မှု မရှိသည့်နေရာများတွင် အခြေစိုက်သင့်သည်။ လိုအပ်ချက်ပေါ် မူတည်ပြီး အခြေစိုက် ပြောက်ကျားစခန်းများကို မကြာခဏ ပြောင်းလဲသင့်ပါသည်။

ပြောက်ကျားတပ် အခြေစိုက်စခန်းအား အောက်ပါ အချက်များပေါ် မူတည်၍ တည်ထောင်သင့်သည်။

(၁) ပြောက်ကျား အခြေစိုက်နယ်မြေအတွင်း ကင်းသမားများ အချိန်ပြည့်ထားရှိသင့်သည်။ ကင်းတိုကင်းရှည် ထုတ်ရမည်။ ကင်းသမားများသည် ရန်သူ့အနေအထားအား စဉ်ဆက်မပြတ် အကဲခတ်နိုင်ရန် လိုအပ်သကဲ့သို့ ရန်သူများ ချက်ချင်း ဝင်ရောက်မလာနိုင်စေရန်လည်း ကာကွယ်တိုက်ခိုက်ပေးနိုင်သည်။ ရှင်းလင်းသည့် အချက်ပြစနစ်များရှိသင့်ပြီး၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး အစီအမံများအားလည်း စီစဉ်ထားရှိရမည် ဖြစ်သည်။

(၂) အခြေစိုက်ပြောက်ကျားစခန်းများတွင် အရေးပေါ် ထွက်ပေါက်များ စီစဉ်ထားရမည်။

(၃) အခြေစိုက် ပြောက်ကျားစခန်း တည်ဆောက်မှုပုံစံသည် တြိဂံပုံသဏ္ဌာန် တည်ဆောက်ပုံဖြစ်လျှင် ပိုကောင်းပြီး၊ တစ်ခုနှင့်တစ်ခု အကာအကွယ် အထောက်ပံ့များ ပေးနိုင်သော အနေအထားရှိရမည်။

(၄) အခြေစိုက်စခန်းသည် လေကြောင်းနှင့် နယ်မြေစိုးမိုးတိုက်ခိုက်မှုများအား အကာအကွယ်ပြုနိုင်သည့် အနေအထား ဖြစ်ရမည်။

စာမျက်နှာ (၂၀) သို့

၁၂။ ပြောက်ကျားစစ်နှင့် လူထုစည်းရုံးရေး

ပြောက်ကျားစစ်ဗျူဟာ သုံးတိုက်ပွဲများတွင် လူထုပါဝင်ထောက်ခံမှုက အလွန်အရေးကြီးပါသည်။ လူထုပါဝင် ထောက်ခံမှုရှိမှသာ၊ ရန်သူအား ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ရေရှည်ခံနိုင်ရည်ရှိမှု (Resilience) ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး၊ အဆုံးသတ် တိုက်ပွဲအတွက်လည်း အထောက်အကူပြုမည် ဖြစ်ပါသည်။ ပြောက်ကျားစစ်သည် လူထုခုခံမှု ခံနိုင်ရည် (Resistance) အား ကောင်းမှု၏ ရှေ့ဆောင် ဖြစ်သည်။ လူထုထောက်ခံမှုမရှိပါက ပြောက်ကျားတပ်ဖွဲ့များသည် တိုက်ပွဲများကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စွမ်း ရှိမည်မဟုတ်ပါ။ ပြောက်ကျားစစ် ဆင်နွှဲရာ၌ ရန်သူ၏ ချေမှုန်းရေးယန္တရားများကို ဒေသခံပြည်သူများ ခါးစည်းခံရသည့် အခြေအနေရှိနိုင်မှုကိုလည်း ထည့်သွင်း စဉ်းစားကြရမည် ဖြစ်သည်။

ပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထုတို့အကြားတွင် လိုအပ်လျှင် လိုအပ်သလို စဉ်ဆက်မပြတ် ဆက်သွယ်ချိတ်ဆက်မှုများနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်မှုများ ရှိရန် လိုအပ်သည်။ ယင်းသို့ ဆက်သွယ် ချိတ်ဆက်မှု ကောင်းမွန်စေရေးအတွက်

(၁) သက်ဆိုင်ရာ ပြောက်ကျားစစ်စခန်းများတွင် ဒေသခံများအား ပြောက်ကျားတပ်ဖွဲ့ဝင်များအဖြစ် စုဆောင်း တာဝန်ပေးအပ်ခြင်း

(၂) ပြောက်ကျားတပ်ဖွဲ့အတွက် လိုအပ်သော ထောက်ပံ့ရေး လုပ်ငန်းများတွင် ဒေသခံများအား တာဝန်ပေး ဆောင်ရွက်စေခြင်း။ ပြောက်ကျားတပ်ဖွဲ့ဝင်များ၏ ခရီးသွားလာရေး ကိစ္စများဆောင်ရွက်ခြင်းနှင့် ရန်သူ၏ ကျူးကျော်သိမ်းပိုက်မှုများအား ခုခံတော်လှန်ရေး လှုပ်ရှားမှုများတွင် ဒေသခံ ပြည်သူများအား ဦးဆောင်မှု ပြုစေခြင်း

(၃) ဒေသခံလူထုကြားတွင် နေထိုင်လှုပ်ရှားမည့် ပြောက်ကျား သတင်းတပ်ဖွဲ့ဝင်များထားရှိခြင်း

(၄) အခြေအနေ လိုအပ်ချက်နှင့်အညီ ပါဝင်ထမ်း ဆောင်နိုင်စေရန်အတွက် အမြဲတမ်းတပ်သား မဟုတ်ဘဲ အရပ်သားကဲ့သို့ နေထိုင်သည့် ပြောက်ကျား စစ်သည်များထားရှိခြင်း။ ထိုသို့ ထားခြင်းဖြင့် အခြေအနေကြုံလာပါက အလွယ်တကူ ပြောက်ကျားတပ်သားအင်အားများ ဖြည့်တင်းနိုင်ခြင်း

(၅) ပြောက်ကျားစစ်ဆင်ရေးများ မဆင်နွှဲခင်ကြားကာလတွင် ပြောက်ကျားတပ်ဖွဲ့ဝင်များနှင့်ပြည်သူလူထုတို့ အကြား ဆက်သွယ်ချိတ်ဆက်မှုများ တည်ဆောက်ထားရှိခြင်း။ ယင်းသို့ ဆက်သွယ်ချိတ်ဆက်မှုရှိခြင်းအားဖြင့် ဒေသခံများအား အကာအကွယ်နှင့် အကူအညီများ ဖြစ်စေခြင်းစသည်တို့ကို အကောင်အထည်ဖော် ဆောင်ရန်လိုအပ်သည်။

စာမျက်နှာ (၁၉) ပြောက်ကျားစခန်း၊ အခြေခံနယ်မြေနှင့် ပြောက်ကျားနယ်မြေ မှ

ပတ်လည် ခံစစ်ပြင်ထားရန် လိုအပ်ပြီး၊ အမြင်လှည့်စားနိုင်သည့် အပြင်ဆင်အနေထားမျိုး ပြုလုပ်ထားရမည်။

(၅) လက်နက်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများအား ရေစိုခြင်းမှ ကာကွယ်နိုင်ရန် သိုလှောင်ရုံများ စနစ်တကျ တည်ဆောက်ထားရှိသင့်သည်။

(၆) လမ်းမကြီးများအနီးတွင် တည်ရှိသော ပြောက်ကျားစခန်းများအတွက် အရေးပေါ် ထွက်ပေါက်သည် လမ်းမကြီးနှင့် ဆန့်ကျင်ဘက်နေရာတွင် ပြင်ဆင်သင့်သည်။

စစ်ဘက်သုံးတိုက်ယာဉ်များကို အမျိုးအစားခွဲခြားခြင်းနှင့် ဟန့်တားရန် သဘာဝအတားအဆီးများ

ချာတိတ်

သမားရိုးကျလက်နက်ငယ်များနှင့် ပစ်ခတ်ဖျက်ဆီး၍ မရနိုင်သော တင့်နှင့်သံချပ်ကာယာဉ်များကို မြို့တွင်းတိုက်ပွဲများနှင့် မြေပြန့်စစ်ဆင်ရေးများတွင် အားယူအသုံးချမည်မှာ မလွဲဖြစ်သည်။ ၎င်းတို့ကို လက်နက်ဖြင့်ဖြစ်စေ၊ ဟန့်တားခြင်းဖြစ်စေ၊ နည်းလမ်းတစုံတရာ အသုံးချ၍ ထိပ်တိုက်ရင်ဆိုင်ရာတွင် မြန်ဆန်ထိရောက်စွာဖြင့် သင့်တော်သော ချေမှုန်းရေးကိုလုပ်ဆောင်နိုင်ရေး၌ အရေးအကြီးဆုံး ထည့်သွင်းသုံးသပ်ရမည့်အချက်မှာ ထိုယာဉ်များကို အမျိုးအစားခွဲခြားခြင်း ဖြစ်သည်။ ထိုယာဉ်၏ အားနည်းချက်၊ အားသာချက်များ၊ လုပ်ဆောင်နိုင်စွမ်းနှင့် ရည်ရွယ်ချက်ကို မိမိ လက်ရှိ ကြုံတွေ့နေရသည့်အခြေအနေနှင့်ယှဉ်ထိုးသုံးသပ်ပြီး သင့်တော်သောလုပ်ဆောင်မှုကို ချမှတ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ကြုံတွေ့လာနိုင်ချေရှိသော တိုက်ယာဉ်များကို အမျိုးအစားခွဲခြားခြင်းနှင့် ဟန့်တားရန်သဘာဝအတားအဆီးများဆောင်းပါးကို တင်ပြအပ်ပါသည်။

(၁)တင့်ယာဉ်

(TANK)

အဖျက်စွမ်းအားကြီးသော လက်နက်စနစ်ကို ဆုံလည်ဖြင့် တပ်ဆင်ထားကာ သံချပ်ကာထုထည်ကြီးပြီး တန်ပြန်ပေါက်ကွဲသံချပ်ကာအတုံးများ (ERA) တပ်ဆင်လေ့ရှိသည့် ကိုယ်ထည်ထဲတွင်အဖွဲ့သား (၃) ဦး အနည်းဆုံး ပါဝင်သော ချိန်းတပ်ယာဉ်ကို ဆိုလိုသည်။

အရွယ်အစား	-	ပုံမှန်အားဖြင့် (၄၅) တန်ခန့်ရှိ
လက်နက်စနစ်	-	ပင်မအမြောက်သည် (၁၀၀) မမ နှင့် (၁၂၅)မမ အချင်းရှိပြီး တင့်ကိုယ်ထည်၏ရှေ့သို့ထွက်နေတတ်သည်၊ အကူလက်နက်စနစ် (ဆုံလည်တွင် တပ်ဆင်ထားသောစက်လတ်နှင့် မီးခိုးဗုံးပစ်ပြောင်းများ) ပါဝင်သည်။
ဒုံးတပ်ဆင်မှု	-	ပင်မအမြောက်မှ ပဲ့ထိန်းဒုံးပစ်ခတ်နိုင်၊ ဘေးတွင် ယှဉ်တွဲ သယ်ဆောင်လေ့မရှိ
မောင်းနှင်မှု	-	သံဘီးချိန်းတပ်စနစ်
ပြတင်းတံခါး	-	အာရုံခံစနစ်အချို့နှင့် အကဲကြည့်ပေါက်သာပါဝင်

(မှတ်ချက် - တင့်ယာဉ်များကို တပ်ဆင်ထားသော အမြောက်ပြောင်းအကျယ်၊ သံချပ်ကာစနစ်၊ အမြန်နှုန်းနှင့် အလေးချိန်ပေါ်မူတည်ပြီး ပင်မတိုက်ပွဲဝင်တင့်၊ အလတ်စားတင့်၊ အပေါ့စားတင့်ဟူ၍ သုံးမျိုး ခွဲခြားနိုင်သည်။ တင့်ဖျက်ယာဉ်များသည် တင့်များနည်းတူ အမြောက်ပြောင်း အရွယ်အစား တူညီမှုရှိသော်လည်း အမြန်နှုန်းဖြင့် အကဲသာမှုယူကာ ချေမှုန်းရေး အယူအဆရှိသဖြင့် ပေါ့ပါးသောသံချပ်ကာ၊ ပြတင်းများနှင့် တာယာဘီးတပ်စနစ်ကို အဓိကထားတပ်ဆင်သည်။ ထိုယာဉ်များကို ခြေလျင်ပစ်ကူပေးယာဉ်များအဖြစ်လည်း သုံးလေ့ရှိသည်။)

(၂) ခြေလျင်တိုက်ခိုက်ရေးယာဉ်

(INFANTRY FIGHTING VEHICLE – IFV)

တင့်ယာဉ်နှင့်ဆင်တူသော်လည်း အရွယ်အစားနှင့် ပင်မအမြောက် အချင်း ပိုမိုသေးငယ်ပြီး တန်ပြန်ပေါက်ကွဲသံချပ်ကာတုံးများ တပ်ဆင်လေ့မရှိဘဲ တိုက်ယာဉ်အဖွဲ့သား (၃) ဦးနှင့် စစ်သည် (၅)ဦးခန့် ယာဉ်ထဲတွင် စီးနင်းနိုင်သော ချိန်းတပ်ယာဉ်ကို ဆိုလိုသည်။

အရွယ်အစား - ပုံမှန်အားဖြင့် တန် (၃၀) အောက်ရှိ

လက်နက်စနစ် -ပင်မအမြောက်သည်(၄၀) မမ မှ (၁၀၀) မမ အထိတပ်ဆင်ထားလေ့ရှိ အကူလက်နက်စနစ်(ဆုံလည်တွင်တပ်ဆင်ထားသော စက်လတ်နှင့် မီးခိုးဗုံးပစ်ပြောင်းများ) ပါဝင်သည်။

ဗုံးတပ်ဆင်မှု - ဘေးတွင် တပ်ဆင်သယ်ဆောင်နိုင်

မောင်းနှင်မှု - သံဘီးချိန်းတပ်စနစ်

ပြတင်းတံခါး - အာရုံခံစနစ် အချို့နှင့် အကဲကြည့်ပေါက်သာပါဝင်

(၃)သံချပ်ကာလူသယ်ယာဉ်

(ARMORED PERSONNEL VEHICLE – APC)

တိုက်ပွဲများထဲတွင် စစ်သည်များ လုံခြုံစွာစီးနင်းလိုက်ပါနိုင်ပြီး လိုရာကို ပို့ဆောင်နိုင်ရန် အဓိက ရည်ရွယ်ချက်ဖြင့် လက်နက်ငယ်ဒဏ်ကိုကောင်းစွာခံနိုင်ရည်ရှိရန် သံချပ်ကာတပ်ဆင်ထားသော ချိန်းတပ်၊ဘီးတပ် နှင့် စက်အမြောက်ငယ်နှင့် စက်လတ်တပ်ဆင်ထားသော ယာဉ်ပုံစံအမျိုးမျိုးကို ဆိုလိုသည်။

အရွယ်အစား	-	ယာဉ်ကိုယ်ထည်အမျိုးမျိုးတွင် တည်ဆောက်လေ့ရှိသောကြောင့် ပုံသေသတ်မှတ်မှုမရှိ
လက်နက်စနစ်	-	စက်အမြောက် (၃၀) မမ နှင့် ၎င်းအောက်အရွယ်အစားများ(ပုံမှန်အားဖြင့် စက်လတ်များ၊မီးခိုးဗုံးပစ်ပြောင်းများ) ကို တပ်ဆင်လေ့ရှိ
ဒုံးတပ်ဆင်မှု	-	တပ်ဆင်သယ်ဆောင်နိုင်သော်လည်း တပ်ဆင်ထားလေ့မရှိ
မောင်းနှင်မှုစနစ်	-	ချိန်းတပ်ယာဉ် နှင့် ဘီးတပ်ယာဉ် (စနစ် နှစ်မျိုးစလုံးမောင်းနှင်အသုံးပြုမှုရှိ)
ပြတင်းတံခါး	-	မပါသည့်ယာဉ်များရှိသော်လည်း ပုံမှန်အားဖြင့် ပြတင်းတံခါးများ ပါတတ် (လူဆင်း/တက် အပေါက်များမှာ ဘေးဘက်နှင့်အနောက်ဘက်တွင်ရှိတတ်)

(မှတ်ချက် - တင့်ကိုယ်ထည်များ သာမက ထရပ်ကား ကိုယ်ထည်များကိုပါသံချပ်ကာ ထပ်ပိုးပြီး စစ်သည်များ သယ်ဆောင်ခြင်း၊ လူနာတင်ဆောင်ခြင်းနှင့် စိန်ပြောင်း လက်နက်တပ်ဆင်ပစ်ခတ်ခြင်း စသော ရည်ရွယ်ချက် အမျိုးမျိုးဖြင့် လိုအပ်သလို ပြောင်းလဲ အသုံးပြုတတ်ကြသည်။)

ဤဆောင်းပါးတွင် ပါဝင်သော ဆောင်းပါးများ၊ စာတမ်းများသည် ဝန်ကြီးဌာန၏ မူဝါဒမဟုတ်ဘဲ စာရေးသူများ၏ အာဘော်သာ ဖြစ်သည်။

(၄)မိုင်းဒဏ်ခံသံချပ်ကာယာဉ်

(MINE RESISTANCE AMBUSH VEHICLE – MRAP)

တာယာဘီးများ တပ်ဆင်ထားကာ သံချပ်ကာလူသယ်ယာဉ်နှင့် အလားတူသော်လည်း စက်လက်များသာမက မိုင်းပေါက်ခွဲမှုဒဏ်များကိုပါ ခံနိုင်ရည်ရှိရန် အဓိကရည်ရွယ်၍ မြေပြင်နှင့် ကိုယ်ထည်ကြားကို သိသာစွာမြှင့်ထားပြီး ထရပ်ကားပုံစံတွင် သံချပ်ကာများနှင့်သံပန်းများကို ထပ်ပိုးတပ်ဆင်ထားသော ဘီးတပ်ယာဉ်ကိုဆိုလိုသည်။

အရွယ်အစား	-	ထရပ်ကားများကဲ့သို့ အရွယ်အစားရှိ
လက်နက်စနစ်	-	စက်လတ်များ(လူမဲ့စနစ်ဖြင့် ပစ်ခတ်နိုင်သည့်) နှင့် မီးခိုးဗုံးပစ်ပြောင်းများ တပ်ဆင်လေ့ရှိ
ဒုံးတပ်ဆင်မှု	-	တပ်ဆင်လေ့မရှိ
မောင်းနှင်မှုစနစ်	-	တာယာဘီးတပ်စနစ်ကို ပုံမှန်အားဖြင့်တပ်ဆင်ထားလေ့ရှိ (မိုင်းဒဏ်ခံရသော်လည်း အနည်းငယ်ဆက်လက်မောင်းနှင်နိုင်)
ပြတင်းတံခါး	-	ပါဝင်လေ့ရှိ၍ လုံခြုံခိုင်မြဲစွာတပ်ဆင်ထားပြီး ကျည်ကာမှန်များနှင့် ထပ်ပိုးအကာအရံများပါဝင်

(၅) ကင်းထောက်သံချပ်ကာယာဉ်

(RECONNAISSANCE VEHICLE)

အမြန်နှုန်းကို အားထားပြီး တိုက်ပွဲနယ်မြေအတွင်း လျင်မြန်စွာသွားလာ၍ ကင်းထောက်လေ့လာခြင်းများ ပြုလုပ်ရန် အဓိကရည်ရွယ်ပြီး ယာဉ်အဖွဲ့သား (၄) ဦးအထိလိုက်ပါလေ့ရှိသော ပေါ့ပါးသောသံချပ်ကာနှင့် ဘီးတပ်စနစ်တပ်ဆင်ထားသောယာဉ်ကို ဆိုလိုသည်။

အရွယ်အစား	-	တင့်ကားအသေးစားပုံစံနှင့် ထရပ်ကားအရွယ်အစားကဲ့သို့ ပုံစံရှိ
လက်နက်စနစ်	-	ဆုံလည်တွင် (၉၀) မမ အအမြောက်အထိ တပ်ဆင်လေ့ရှိ၊ စက်လက်များ (လူမဲ့ စနစ်ဖြင့် ပစ်ခတ်နိုင်သည့်) နှင့် မီးခိုးပုံးပစ်ပြောင်းများတပ်ဆင်လေ့ရှိ
ဒုံးတပ်ဆင်မှု	-	တပ်ဆင်လေ့မရှိ
မောင်းနှင်မှုစနစ်	-	တာယာဘီးတပ်စနစ်
ပြတင်းတံခါး	-	ပုံမှန်အားဖြင့် ပါဝင်လေ့ရှိ

(မှတ်ချက် - နယ်မြေအတွင်း တိုက်ပွဲအခြေအနေကို လှည့်လည်ကင်းထောက်ရန်ရည်ရွယ်သော်လည်း ခုခံနိုင်စွမ်းနည်းသောပစ်မှတ်များကို ပစ်ခတ်ချေမှုန်းခြင်း၊ မြေပြင်တိုက်ပွဲများတွင် ပစ်ကူပေးခြင်းနှင့် ရေပြင်ဖြတ်ကျော်သွားလာနိုင်စွမ်းများရှိခြင်းတို့ကြောင့် အခြေအနေအမျိုးမျိုးတွင် အသုံးချနိုင်သော တိုက်ယာဉ် ဖြစ်သည်။)

သဘာဝ အတားအဆီးများ

၁။ ဆင်ခြေလျော

မြေမျက်နှာသည် မြေပျော့၍စိုစွတ်မှုရှိရမည်။ စိုစွတ်သောမြေသည် ၆၀ ဒီဂရီရှိခြင်းနှင့် ရွံ့ထူ၍သွားလာရန်ခက်ခဲသောမြေသည် ၃၅ ဒီဂရီရှိခြင်းက လုံလောက်သည်။ အရှိန်ယူတက်နိုင်သည့် မြေအနေအထား သို့ ၄၅ ဒီဂရီဆင်ခြေလျောဖြစ်နေပါက တက်ရမည့်အကွာအဝေးသည် အနည်းဆုံး ပေ ၄၀ နှင့်အထက် ရှိသင့်သည်။



၂။ ကမ်းပါး၊ မြေကျင်း နှင့်ရေမြောင်း

မတ်စောက်ပြီး အနည်းဆုံး ၅ ပေနက်၍ ၁၄ ပေ နှင့်အထက် ကျယ်သော မြေကျင်းသည် တင့်ကားအားလုံးအတွက် တားဆီးရန်လုံလောက်သည်။ ရပ်တန့်စေလိုသော ယာဉ်၏အလျားကို ထက်ဝက်ချိုး၍ ၁ ပေပေါင်းခြင်းဖြင့် ညီမျှသည့် မြောင်း (သို့) မြေကျင်းအနေအထားသည် ထိုယာဉ်အတွက် အတားအဆီးဖြစ်စေသည်။



၃။ ရေ

ရေပြင်ကိုဖြတ်ကျော်ခြင်း (Fording) လုပ်ရာတွင် အနည်းဆုံးပေ ၅၀ ကျယ်၍ ၆ ပေနက်ပါက သာမန်အားဖြင့် မဖြတ်ကူးနိုင်ပါ။ ဖြတ်ကျော်ရန် လေရှူပေါက်များတပ်ဆင်၍ ပြင်ဆင်ပြီးပါကလည်း ၁၅ ပေနက်သော ရေပြင်ကို ကူးဖြတ်နိုင်ခြင်းမရှိပါ။



၄။ ရွံ့အိုင်

အနည်းဆုံး ၅ ပေပတ်လည်ကျယ်၍ သာမန်လူဆင်းလျှင် ၃ ပေခန့်နက်သော ရွံ့အိုင်သည်လည်း ကျော်ဖြတ်ရန်ခက်သောအတားအဆီးဖြစ်သည်။

၅။ သစ်တော

၂၄ လက်မ လုံးပတ်ရှိသော ခိုင်မြဲသည့်သစ်ပင်တစ်ပင်ကို ဝင်တိုက် နိုင်စွမ်းမရှိ။ အနည်းဆုံး ၈ လက်မ နှင့် ၁၂ လက်မကြား လုံးပတ်ရှိသည့် သစ်ပင်များသည် တစ်ပင်ကြားအကွာအဝေး ၅ပေ နှင့် ၇ပေ အကြားရှိနေပြီး အတန်း ၅ တန်းခန့် အနည်းဆုံးရှိနေလျှင် တင့်ကားမဝင်ရောက်နိုင်ပါ။

၆။ ငုတ်များ

အနည်းဆုံး ၁၈ လက်မလုံးပတ်ရှိပြီး ၂ပေခွဲခန့်ရှည်သော တိုင်များ၊ငုတ်များသည် တစ်ခုကြားအကွာအဝေး ၅ပေ နှင့် ၇ပေ ရှိနေပြီး အတန်း ၅တန်းခန့် အနည်းဆုံးရှိနေလျှင် တင့်ကားဝမ်းဗိုက်ထောက်သဖြင့် ဖြတ်မောင်း၍မရနိုင်ပါ။

အမေရိကန်အမျိုးသား လုံခြုံရေးအစောင့်တပ်
NATIONAL GUARD
အကြောင်း တစေ့တစောင်း

ဗေယျာဦး

အားလုံး မျှော်မှန်းသော အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကြီးတွင် ပြည်ထောင်စု တပ်မတော်ကို မည်သို့ပုံဖော် တည်ဆောက်မည် ဆိုသည့်အချက်က ယနေ့ နိုင်ငံရေးတွင် များစွာ အရေး ကြီးလာပါသည်။ ဖက်ဒရယ်ပြည်ထောင်စု စနစ်အတွင်းရှိ လက်နက်ကိုင် ပြည်ထောင်စု တပ် မတော် ၏ အခန်း ကဏ္ဍနှင့် ပတ်သက်သည့် လေ့လာ စရာ ဥပမာများစွာထဲတွင် ဖက်ဒရယ်စနစ်၏ စံတစ်ခု အဖြစ် ယေဘုယျ သတ်မှတ်ထားကြသော အမေ ရိကန်ပြည်ထောင်စုရှိ National Guard ဟု လူသိ များသော အမျိုးသားလုံခြုံရေးအစောင့်တပ် အ ကြောင်းကလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ ယခု ဆောင်းပါးသည် မြန်မာနိုင်ငံ၏ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု တပ်မတော် တည်ဆောက် ရေး လုပ်ငန်းစဉ်များတွင် အထောက်အပံ့ဖြစ်စေနိုင် မည့် နိုင်ငံတကာမှ အတွေ့အကြုံများ၊ ဖြစ်ရပ် များ လေ့လာတင်ပြနိုင်ရေး လုပ်ငန်း၏ အစိတ် အ ပိုင်းတရပ်အနေဖြင့် အမေရိကန် ပြည်ထောင်စုရှိအမျိုး သား လုံခြုံရေးအစောင့်တပ် (National Guard) ပေါ် ပေါက်လာပုံ၊ ဖွဲ့စည်း လည်ပတ်ပုံ၊ ကွပ်ကဲပုံနှင့် လုပ် ငန်းတာဝန်များ အကြောင်းကို ဖက်ဒရယ်စနစ် အဆက် အစပ်အတွင်းမှ တင်ပြသွားမည် ဖြစ်ပါသည်။

အမျိုးသား လုံခြုံရေး အစောင့်တပ် (National Guard) ပေါ်ပေါက်လာပုံ

အမေရိကန် အမျိုးသား လုံခြုံရေး အစောင့်တပ် (National Guard) များသည် အမေရိကန်ပြည်ထောင်စု မပေါ်ထွန်း မီကပင် တည်ရှိခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြပြီး ၁၇ ရာစုနှစ်တွင် သီးခြားကိုလိုနီနယ်များမှ စတင် တည်ထောင်လာသော ပြည်သူ့စစ်တပ်ဖွဲ့ (militia) များမှ ဆင်းသက်လာခဲ့သည်။ ထို့ကြောင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် ယနေ့ခေတ် အမေရိကန် အမျိုးသား လုံခြုံရေးအစောင့်တပ်၏ မူလ အမြုတေဟု ဆိုနိုင်ပြီး အစောဆုံးသော ပြည်သူ့စစ်တပ်ဖွဲ့ကို ၁၆၃၆ ခုနှစ် ဒီဇင်ဘာ ၁၃ တွင် မက်ဆာချူးဆက်ဒ် ကိုလိုနီနယ်ကို ကာကွယ်ရန် တပ်ရင်း သုံးရင်းဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအချိန်က အသက် ၁၆ နှစ် နှင့် ၆၀ ကြားရှိသော ဒေသခံ အမျိုးသားများ အဆိုပါ ပြည်သူ့စစ်သို့ ဝင်ရောက်ရပြီး ထို တပ်ရင်း (၃) ရင်းသည် ယနေ့တိုင် သက်ဝင်လည်ပတ်နေဆဲ ဖြစ်သည်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲတွင်လည်း ပြည်သူ့စစ်များသည် အဓိက လက်နက်ကိုင် တော်လှန်ရေးတပ်အဖြစ် ပါဝင်ခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေး ရပြီးနောက်တွင် အဆိုပါ ပြည်သူ့စစ်များကို ပြည်နယ်အစိုးရများ၏ ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်းဖွဲ့စည်းလာခဲ့သည်။ ပြည်သူ့စစ်တပ်ဖွဲ့များတွင် မြစ်ဖျားခံလာခဲ့သော အမေရိကန် အမျိုးသားလုံခြုံရေးအစောင့်တပ်၏ ဆင့်ကဲ ပေါ်ထွန်းလာမှုသည် အမေရိကန်ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ စစ်ရေးအာဏာ ခွဲဝေပုံစနစ်နှင့် ကွန်ဂရက်က ခေတ်အလိုက်ပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းလာခဲ့သော စစ်ဘက်ဆိုင်ရာ ဥပဒေများတွင် အခြေခံထားသည်။

၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်ရေးအာဏာခွဲဝေပုံ

အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စစ်ရေးဆိုင်ရာ အခွင့်အာဏာကို သမ္မတနှင့် ကွန်ဂရက်တို့ကြား အလျားလိုက် ပုံစံခွဲဝေထားသကဲ့သို့ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရတို့ကြား ဒေါင်လိုက်ပုံစံလည်း ခွဲဝေထားသည်။

အလျားလိုက်အားဖြင့် ကွန်ဂရက်နှင့် သမ္မတတို့ကြား သီးခြားလုပ်ပိုင်ခွင့်အာဏာများအပ်နှင်းထားပြီး အပြန်အလှန် ထိန်းကြောင်းပေးထားသည်။ အမေရိကန် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကွန်ဂရက်သည် အမေရိကန်ပြည်ထောင်စု ကြည်းတပ်၊ ရေတပ်များ ဖွဲ့စည်းထူထောင်ခွင့်၊ ငွေကြေးထောက်ပံ့ခွင့်၊ ပြည်သူ့စစ်များကို ဖွဲ့စည်းစုရုံးခွင့်၊ စစ်ကြေညာခွင့်၊ ကြည်းနှင့် ရေ လက်နက်ကိုင် တပ်ဖွဲ့များအတွက် စည်းမျဉ်းများ ပြဋ္ဌာန်းသတ်မှတ်ခွင့်၊ စစ်ရေးစစ်ရာ ကိစ္စရပ်များအတွက်

အခွန်ကောက်ခံခွင့်နှင့် ငွေကြေးအသုံးစရိတ် သတ်မှတ်သုံးစွဲခွင့်များ ရှိထားသည်။ အမေရိကန်သမ္မတသည် အမေရိကန် တပ်မတော်၏ ကွယ်ရေး ဦးစီးချုပ် တာဝန်ယူရပြီး ဆီးနိတ် (အထက်လွှတ်တော်) ၏ အတည်ပြုချက်ဖြင့် တပ်မတော် အရာရှိများကို ခန့်အပ်ခွင့် ရရှိထားသည်။ ပြည်ထောင်စုတာဝန်များကို တန်းပြည့် စစ်မှုထမ်းရချိန်တွင် ပြည်နယ်အနှံ့ အပြားတွင် ရှိနေကြသော ပြည်သူ့စစ်များ၏ ကာကွယ်ရေး ဦးစီးချုပ်လည်း ဖြစ်သည်။

ဒေါင်လိုက်အားဖြင့် စစ်ရေးအာဏာကို ဖက်ဒရယ်စနစ် အဆက်အစပ်ပုံစံဖြင့် ခွဲဝေထားသည်။ အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခဲ့သူတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် စစ်ရေးအာဏာနှင့် ပတ်သက်၍ ဖက်ဒရယ်စနစ်အရ အရေးကြီးသော ကန့်သတ်ချက်ကြီး သုံးခုကို ထည့်သွင်းထားခဲ့သည်။ ပထမတစ်ခုမှာပြည်သူ့စစ် (Militias) များကိုပြည်ထောင်စုတပ်မတော်နှင့် သီးခြားခွဲထားခြင်း ဖြစ်သည်။ အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကွန်ဂရက်လွှတ်တော်၏ ပြည်ထောင်စု ကြည်းတပ်၊ ရေတပ်များ ဖွဲ့စည်းထူထောင်ထိန်းသိမ်းခွင့်ဆိုင်ရာပြဋ္ဌာန်းချက်သည် ပြည်နယ်အသီးသီးတွင် ရှိနေကြသော ပြည်သူ့စစ်တပ်ဖွဲ့များ အပေါ် အကျုံးမဝင်ပေ။ အဆိုပါ ပြည်သူ့စစ်များ တည်ရှိနေစေရေးကို အာမခံသည့် အနေဖြင့် အမေရိကန် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥဒေ ဒုတိယ ပြင်ဆင်ချက်ပုဒ်မ ၁၊ အပိုဒ် ၈ က "စည်းကမ်းတကျ စုဖွဲ့ထားသော ပြည်သူ့စစ်များသည် လွတ်လပ်သော ပြည်နယ်တစ်ခု၏ လုံခြုံရေးအတွက် လိုအပ်လျက်ရှိနေသည့်အတွက် နိုင်ငံသားများ၏ လက်နက်ကိုင်ဆောင်ခွင့်ကို ထိပါးကျူးလွန်ခြင်း အလျဉ်းမရှိစေရ" ဟူ၍ ဆိုထားသည်။ ဒုတိယအနေဖြင့်ပြည်သူ့စစ်တပ်ဖွဲ့များအပေါ် ပြည်ထောင်စုအစိုးရ၏ အသုံးပြုပိုင်ခွင့် အာဏာကို ကန့်သတ်ထားသည်။ ပြည်သူ့စစ်များ၏ အင်အားကို ပြည်ထောင်စုအစိုးရက နိုင်ငံအရေးပေါ် အခြေအနေအောက်တွင် တရားဥပဒေ စိုးမိုးရေး (to uphold Laws of Union)၊ ပြည်တွင်းဆူပူ သောင်းကျန်းမှုကို ထိန်းသိမ်းရေး (to Suppress Insurrection) နှင့် ပြည်ပကျူးကျော်မှုကို တိုက်ထုတ်ရန် (to Repel Invasion) ဟူ၍ အဓိက တာဝန်ကြီး သုံးရပ်အတွက်သာ ဆင့်ခေါ် အသုံးပြုခွင့် ရှိသည်။ တတိယအနေဖြင့်ပြည်သူ့စစ်အရာရှိများအား ပြည်နယ်ကို ရွေးချယ်ခန့်အပ်ခွင့်ပေးထားခြင်းအားဖြင့် အေးချမ်းသော အချိန်များတွင် ပြည်သူ့စစ် အရာရှိတပ်ဖွဲ့များအား ပြည်ထောင်စု အစိုးရက တိုက်ရိုက်စီမံ ကြီးကြပ်ခြင်းမှ ကန့်သတ်ထားသည်။ ပုဒ်မ ၁၊ အပိုဒ် ၈ အရ ကွန်ဂရက်သည် ပြည်သူ့စစ်များ ဖွဲ့စည်းထူထောင်ရေး၊ လက်နက်တပ်ဆင်ရေးနှင့် စည်းစနစ် ကြပ်မတ်ရေးအတွက် လိုအပ်သော ထောက်ပံ့မှုများ ပေးနိုင်သော်လည်း ပြည်သူ့စစ်အရာရှိများ ခန့်အပ်မှုကို ဝင်ရောက် စွက်ဖက်ခွင့်မရှိပဲ ပြည်နယ်ကိုသာ လုပ်ပိုင်ခွင့်ပေးထားသည်။ ပြည်သူ့စစ်များအား လေ့ကျင့်သင်တန်းပေးမှုနှင့် စီမံခန့်ခွဲမှု တို့ကိုလည်း သာမာန်အချိန်ကာလများတွင် ပြည်ထောင်စုအစိုးရအနေဖြင့် ဝင်ရောက်ခြယ်လှယ်ခွင့်မရှိပေ။

အမေရိကန်၏ စစ်ရေးအာဏာဒေါင်လိုက် ခွဲဝေမှုပုံစံသည် တိုင်းပြည်အနေဖြင့် အမျိုးသား ကာကွယ်ရေးအတွက် မည်သို့သော တပ်ဖွဲ့မျိုးကို အားကိုးသင့်သနည်းဟူသော စဉ်းစားဆွေးနွေးချက်အပေါ် အပြန်အလှန် ငြင်းခုံဆွေးနွေး ညှိနှိုင်းရာမှ ပေါ်ပေါက်လာသော အင်စတီးကျူးရှင်းဆိုင်ရာ ရလာဒ်တစ်ခုဖြစ်သည်။ အမေရိကန် ပြည်ထောင်စု တည်ထောင်သူတို့သည် အမြဲတမ်းတပ်မတော်ထားရှိခြင်းထက် ပြည်သူ့စစ်များ ထားရှိခြင်းကို မူအားဖြင့် ပိုမိုနှစ်သက် လိုလားခဲ့ကြသည်။ ၎င်းတို့က ပရော်ဖက်ရှင်နယ်စစ်သည်များသည် အစိုးရ၏ ဖိနှိပ်ချုပ်ခြယ်ရေး အသုံးချခံ ယန္တရားတစ်ခု ဖြစ်လာမည်ကို စိုးရိမ်ခဲ့ကြပြီး ငြိမ်းချမ်းသော အချိန်များတွင် အမြဲတမ်းစစ်တပ်ထားရှိခြင်းအပေါ် မလိုလားမှုများရှိခဲ့ကြသည်။ အဆိုပါ စိုးရိမ်ချက်နှင့် မလိုလားမှုများသည် ဥရောပသမိုင်း ဖြစ်ရပ်များအပေါ် အမေရိကန်တို့၏ အဓိပ္ပာယ် ဖွင့်ဆိုကြရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုကြသည်။

အမေရိကန် တည်ထောင်သူ ခေါင်းဆောင်အများစုက အမြဲတမ်းစစ်တပ်သည် အာဏာရှင်တို့၏

အသုံးချခံကိရိယာတစ်ခု မလွဲမသွေ ဖြစ်လာလေ့ရှိသည်၊ လွတ်လပ်ခွင့် သဘောတရား (Liberty) နှင့် အင်အားကြီးသော စစ်တပ်သည် အပြန်အလှန် ချေဖျက်တတ်သောရန်ဘက်များဖြစ်သည်၊ ပရော်ဖက်ရှင်နယ်စစ်သားထက်နိုင်ငံသားစစ်သည်များသာလျှင် နိုင်ငံရေးလွတ်လပ်ခွင့်ကို မခြိမ်းခြောက်စေပဲ နိုင်ငံတော် ကာကွယ်ရေးကို စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟူသော အယူအဆကို လက်ခံထားကြသည်။ အမေရိကန် ခေါင်းဆောင်တို့သည် ဥရောပတွင် အာဏာရှင်တို့၏ ကြမ်းကြုတ်မှုကို တောက်လျှောက်လေ့လာ သိရှိခဲ့ကြသလို ၁၇၈၀ ကာလ အမေရိကလူ့အဖွဲ့အစည်းကြားတွင် အခြားသောနိုင်ငံရေးအတွေးအခေါ် အယူအဆများထက်အေးချမ်းသောကာလများတွင် အမြဲတမ်းစစ်တပ်များ ထားရှိခြင်း၏ အန္တရာယ်အကြောင်းသာ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလက်ခံထားကြသည်။ စစ်တပ်သည် လက်နက်ကိုင် ဆောင်ထားခြင်း၊ သာမန်လူ့အဖွဲ့အစည်းနှင့် သီးခြား ကင်းလွတ်စွာတည်ရှိနေခြင်း၊ စည်းကမ်းသေဝပ်မှုအားကောင်းခြင်း၊ သက်ဆိုင်ရာ တပ်ခေါင်းဆောင်များ အပေါ် သစ္စာခံမှုနှင့် အမိန့်နာခံတတ်မှု အားကောင်းခြင်းစသည့် စရိုက်လက္ခဏာ တို့ကြောင့် သာမာန်ဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ဖြင့် ထိန်းချုပ်၍ မရနိုင်ပေ။ စစ်တပ်သည် အာဏာ၏ အဆုံးစွန်ဆုံးသော ပြယုဂ်ကို ကိုယ်စားပြုပြီး ၎င်းတို့ကိုယ်တိုင်အာဏာသိမ်းမှု မပြုလုပ်လျှင်တောင် အခြားသော သူတို့က ပြည်သူကို အကြမ်းဖက်ဖိနှိပ်ရန်၊ အာဏာသိမ်းရန် အသုံးချခံယန္တရားဖြစ်လာ နိုင်လေ့ရှိပြီး အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေနိုင်သည်ဟု လက်ခံထားကြသည်။ သို့သော် လက်တွေ့တွင် ဌာနေ အင်ဒီးယန်းများ၏ ရန်၊ ဗြိတိသျှ၊ ပြင်သစ်၊ စပိန်ကဲ့သို့ ကိုလိုနီနယ်ချဲ့ အင်အားကြီးနိုင်ငံများ၏ ရန်၊ ပင်လယ်ဓားပြရန်၊ပြည်တွင်းပုန်ကန်ထကြွမှုများ၏ ရန်ကို ဘက်ပေါင်းစုံမှ ရင်ဆိုင်နေရသော လွတ်လပ်ရေးရစ အမေရိကန်အတွက် အထက်ပါ စိုးရိမ်ချက်များက အမေရိကန် တည်ထောင်သူ ခေါင်းဆောင်များကို အကြပ်အတည်း ဖြစ်စေခဲ့သည်။

အမေရိကန် ခေါင်းဆောင်များသည် တဖက်တွင်လည်း အမြဲတမ်း တပ်မတော်ထားရှိခြင်းသည် နိုင်ငံတော် ကာကွယ်ရေးအတွက် ပိုမိုလက်တွေ့ကျသော ရွေးချယ်မှုဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြု လက်ခံထားကြသည်။ နိုင်ငံသားစစ်သည်များသည် စစ်သားထက် နိုင်ငံသားပို၍ ဆန်ကြသည်။ ပြင်ဆင်မှုနှင့် စည်းကမ်းသေဝပ်မှု အားနည်းခြင်း၊ အမေရိကန် တော်လှန်ရေးစစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့များကြား ညှိနှိုင်း ဆောင်ရွက်မှု အားနည်းခဲ့ခြင်းတို့သည် ဗြိတိသျှအမြဲတမ်း တပ်များနှင့် ရင်ဆိုင်တိုက်ရချိန်တွင် ရှုံးလုနီးပါး အခြေအနေအထိ ဆိုက်ရောက်ခဲ့ဖူးသည်ကိုလည်း အားလုံးသိနေကြပြီး ဖြစ်သည်။

အမေရိကန် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စစ်ရေးဆိုင်ရာ ပြဌာန်းချက်နှင့် ပတ်သက်၍ ဆွေးနွေးငြင်းခုံမှုရလာဒ်သည်အမေရိကန် တည်ထောင်သူ ခေါင်းဆောင်များ အနေဖြင့် ပရော်ဖက်ရှင်နယ်စစ်သားများသာမက၊ လက်နက်ကိုင်နိုင်ငံသား စစ်သည်များပါ ထားရှိခြင်းအားဖြင့် ရလာမည့်အကျိုးကို မျှော်ကိုးရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးကို နိုင်ငံတော် ဖိနှိပ်ချုပ်ခြယ်မှုအန္တရာယ် အလားအလာမရှိစေဘဲ ဖော်ဆောင်လိုသော ဆန္ဒဖြစ်သည်။ ထိုသို့ ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေက အလွှာနှစ်ခုကို တစိတ်တပိုင်းအားဖြင့် သီးခြားဖြစ်ပြီး တစိတ်တပိုင်းအားဖြင့် ပေါင်းစပ်နေသော စစ်တပ် ဆိုင်ရာဖွဲ့စည်းပုံကို ဖန်တီးပေးခဲ့သည်။ ပထမတစ်ခုအနေဖြင့်ပရော်ဖက်ရှင်နယ် အမြဲတမ်း စစ်သားများကို ပြည်ထောင်စုအစိုးရ၏ ထိန်းချုပ် ကွပ်ကဲမှုအောက်တွင် အပြည့်အဝ ထားရှိပြီး ဒုတိယတစ်ခုအနေဖြင့် နိုင်ငံသားစစ်သည်များကိုပြည်ထောင်စု-ပြည်နယ် ပေါင်းစပ်ပြည်သူ့စစ် ဖွဲ့စည်းပုံစနစ် အတွင်း စုဖွဲ့ထားရှိခြင်းဖြစ်သည်။

ဆိုခဲ့ပါ ဆွေးနွေးညှိနှိုင်းမှု ရလာဒ်အရ ပြည်နယ်ပြည်သူ့စစ်များသည် တပြိုင်နက်တည်းတွင် အရှင်သခင် နှစ်ဦးအပေါ်တွင် သစ္စာခံထားရပြီး ပြည်ထောင်စု - ပြည်နယ်ပါဝါ ဆက်ဆံရေးကြား ပေါင်းကူးပေးထားရသော စစ်တပ်ပုံစံ ဖြစ်လာခဲ့သည်။

ပြည်သူ့စစ် တပ်ဖွဲ့ဝင်များသည် ပြည်နယ်၏အမိန့်သြဇာအောက်တွင် ရှိသည်ဆိုသော်လည်း တပြိုင်နက်တည်းတွင် ပြည်ထောင်စုကပေးသော အချို့သော အမိန့်များကိုလည်း တိုက်ရိုက် ဖော်ဆောင်ပေးရသည်။ ဥပမာ - ပြည်သူ့စစ်များကို ဖွဲ့စည်းရာတွင် ပြည်ထောင်စု ဥပဒေအရသာဖွဲ့စည်းရပြီး လေ့ကျင့် သင်တန်းများပေးရာတွင်လည်း ကွန်ဂရက်က ချမှတ်ထားသော ဥပဒေစည်းမျဉ်းများနှင့် အညီပေးရသည်။ တန်းပြည့်စစ်မှု ထမ်းရန်ခေါ်ယူချိန်တွင် ပြည်သူ့စစ်များသည် သမ္မတ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြည်ထောင်စု အစိုးရ၏ စစ်ရေးဦးဆောင်မှုအောက်တွင် ရှိနေရသည်။ တနည်းအားဖြင့် နိုင်ငံတော် အရေးပေါ် အခြေအနေတွင် ပြည်သူ့စစ်များသည် ပြည်ထောင်စု တပ်မတော် တစ်ခုလုံး၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ပြည်ထောင်စု တာဝန်ထမ်းရွက်နေသော ကာလမဟုတ်လျှင် ပြည်သူ့စစ်များသည် သက်ဆိုင်ရာ ပြည်နယ်များသို့သာ အစီရင်ခံရသည်။

အမေရိကန် ပြည်ထောင်စု တည်ထောင်သူတို့သည် အမေရိကန် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် စစ်ရေးဆိုင်ရာ အခွင့်အာဏာများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ကြား သေချာစဉ်းစား၍ ခွဲဝေ ပေးထားခဲ့ကြသည်။ အဆိုပါ ခွဲဝေမှုက စစ်ရေးနှင့် ပတ်သက်၍ ပြည်နယ် တစ်ခုအပေါ် ပြည်ထောင်စုအစိုးရသာမက အခြားပြည်နယ် တစ်ခုခုက ဝင်ရောက် စိုးမိုးခြယ်လှယ်ခြင်း၊ အင်အား အလွဲသုံးစား လုပ်ခြင်းများ မပြုနိုင်အောင် အပြန်အလှန် ထိန်းကြောင်းမှုစနစ် ပေးထားနိုင်သလို စစ်ရေးအင်အားကို မည်သူမျှ ရန်လိုသော ထိုးစစ်အသွင် အသုံးမပြုနိုင်စေရန်လည်း တားဆီးပေးထားသည်။ သို့သော် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ ခေတ်အဆက်ဆက် ပြဋ္ဌာန်းလာခဲ့သော ဥပဒေများက မူလပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့ကြား သီးခြား အခွင့်အာဏာ ခွဲဝေထားမှုစည်းကို အားပျော့လာစေခဲ့သည်။

၂။ ကွန်ဂရက်လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေအရ စစ်ရေးအာဏာခွဲဝေပုံ

အမေရိကန် ကွန်ဂရက်သည် ပြည်သူ့စစ်နှင့်ပတ်သက်၍ အရေးကြီးသော ဥပဒေ နှစ်ခုကို ပြဋ္ဌာန်းခဲ့သည်။ ပထမတစ်ခုမှာ ၁၇၉၂ ခုနှစ် ပြည်သူ့စစ်အက်ဥပဒေ (Militia Act of 1792) ဖြစ်ပြီး ၎င်းဥပဒေအရ အသက် ၁၈ နှစ်နှင့် ၄၅ ကြား သန်စွမ်း ကျန်းမာသော လွတ်လပ်သည့် လူဖြူအမျိုးသားတိုင်း ပြည်သူ့စစ်တွင် ဝင်ရောက်ရသည်။ အဆိုပါ ဥပဒေအရ ပြည်သူ့စစ်အဖွဲ့ဝင်များသည် မိမိလက်နက် မိမိရအောင် လုပ်ဆောင်ရန် လိုအပ်ပြီး သမ္မတအနေဖြင့်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းထားသည့် လုပ်ငန်းများအတွက်ပြည်သူ့စစ်များကို ဆင့်ခေါ် တာဝန်ပေးနိုင်သည်။ ကွန်ဂရက်သည် အဆိုပါ ဥပဒေကိုပင် ၁၇၉၅ ခုနှစ်၌ ပြင်ဆင်ပြောင်းလဲမှု အနည်းငယ်ပြုလုပ်၍ ထပ်မံ ပြဋ္ဌာန်းခဲ့သည်။ ကွန်ဂရက်သည် ၁၈၀၇ ခုနှစ် ဆူပူ သောင်းကျန်းမှုဆိုင်ရာ အက်ဥပဒေ (Insurrection Act of 1807)၊ ၁၈၆၁ ခုနှစ် ပုန်ကန်မှု နှိမ်နင်းရေး ဆိုင်ရာ အက်ဥပဒေ (Suppression of Rebellion Act of 1861)၊ ၁၈၇၁ ခုနှစ် ကေသုံးလုံးဂိုဏ်းဆိုင်ရာ အက်ဥပဒေ (Ku Klux Klan Act of 1871) တို့ဖြင့် သမ္မတ၏ မူလက ရှိထားသော စစ်ရေးဆိုင်ရာအာဏာကို ပိုမိုတိုးချဲ့အပ်နှင်းခဲ့သည်။ အဆိုပါ ဥပဒေများအရ သမ္မတသည် ပြည်နယ်အသီးသီးမှပြည်သူ့စစ်များကိုဖြစ်စေ၊ လက်နက်ကိုင် တပ်မတော်ကိုဖြစ်စေ ဆင့်ခေါ်ပြီး ပြည်ထောင်စု အစိုးရ အမိန့်အာဏာ တည်စေရန် ဆောင်ရွက်နိုင်သလို ပြည်နယ် သို့မဟုတ် ပြည်ထောင်စုဥပဒေ စိုးမိုးရေးကိုလည်း ကာကွယ်နိုင်သည်။ ၎င်းဥပဒေများသည် ပြည်ထောင်စု ဥပဒေများအဖြစ် ယနေ့တိုင် ရှိနေဆဲဖြစ်သည်။

ပြည်နယ်အသီးသီးတွင် တစ်ပြည်နယ် တစ်မျိုးစီ ဖြစ်နေကြသော ပြည်သူ့စစ်များကို တစ်ပုံစံတည်း စံကိုက် တူညီသော ပြည်သူ့စစ် စနစ် တည်ဆောက်ရန် ကွန်ဂရက် အနေဖြင့် အမျိုးမျိုးကြိုးစားခဲ့သော်လည်း ၁၈၁၂ စစ်ပွဲတွင် ပြည်သူ့စစ်များ၏ စွမ်းဆောင်မှုမှာ များစွာညံ့ဖျင်းဆိုးရွားခဲ့ခြင်းကြောင့် အဆိုပါဖြစ်စဉ် နောက်ပိုင်းတွင် ကွန်ဂရက်အနေဖြင့် တစ်ပုံစံ တည်းသော ပြည်သူ့စစ်

စနစ်ထိန်းသိမ်းရေးကို လက်လွှတ်ခဲ့တော့သည်။ ပြည်သူ့စစ်များသည် စစ်အတွင်းကာလ ပြည်ထောင်စုတပ် အင်အားတိုးချဲ့မှု၏ အဓိက အရင်းအမြစ် ဖြစ်ခဲ့သော်လည်း မက္ကဆီကိုစစ်ပွဲ၌ အရေးပါသော အခန်းကဏ္ဍတွင် မရှိခဲ့ပေ။ အမေရိကန် ပြည်တွင်းစစ်ကာလတွင် ပြည်ထောင်စုအစိုးရသည် ပြည်သူ့စစ်များအပြင် စစ်မှုမထမ်းမနေရစနစ်ဖြင့် အမြဲတမ်း ပြည်ထောင်စုတပ်မတော်အတွင်း ဝင်ရောက်စစ်မှုထမ်းစေသော စစ်သားစုဆောင်းမှုကို အားပြုလာခဲ့သည်။ နောက်ပိုင်းတွင် ကွန်ဂရက်သည် ပြည်သူ့စစ် ဝင်ရောက်မှုကို လူဖြူများအတွက်သက်သက် သာမက လူမည်းများ အပါအဝင် အခြားသော လူမျိုးများအတွက်ပါ လမ်းဖွင့်၍ ပြည်သူ့စစ်အင်အားကို တိုးချဲ့လာခဲ့သည်။ သို့သော် ပြည်တွင်းစစ်ကြီးပြီးသည့်နောက်တွင် ပြည်သူ့စစ်များမှာ မှေးမှိန်လာခဲ့ပြီး ၂၀ ရာစု အစောပိုင်းတွင် နိုင်ငံသားများ ကိုယ့်သေနတ်ကိုယ်ဆောင် မိမိသဘောဆန္ဒ အလျောက် အချိန်ပိုင်း စစ်မှုထမ်းသော စနစ် ပျောက်ကွယ်လုနီးပါး ဖြစ်လာကာ ပြည်သူ့စစ်များနေရာတွင် အမျိုးသားလုံခြုံရေး အစောင့်တပ် (National Guard) ဖြင့် အစားထိုးလာခဲ့သည်။ အမျိုးသား လုံခြုံရေး အစောင့်တပ် ပေါ်လာသော်လည်း ၁၇၉၂ ပြည်သူ့စစ်ဥပဒေသည် ၁၉ ရာစု တလျှောက်လုံး ပြင်ဆင်ထားသည့် အတိုင်း ဥပဒေအဖြစ်တော့ တည်ရှိနေခဲ့သည်။

တိုင်းပြည်က အင်အားကြီးလာသည်နှင့်အမျှ ပြည်နယ်အဆင့်အစိုးရ များအနေနှင့် များပြားလှသော အမေရိကန်လူထုကို စစ်သင်တန်းပေးရန်နှင့် စစ်မှုထမ်း စေရန်အတွက် ငွေကြေးစိုက်ထုတ်သုံးစွဲရေးမှာ လက်တွေ့တွင် အခက်အခဲများ ဖြစ်လာသည်။ ၁၉၀၃ တွင် ကွန်ဂရက်သည် ပြည်သူ့စစ် စနစ်တစ်ခုလုံးကို ဒစ်အက်ဥပဒေ (the Dick Act) ဖြင့် ပြန်လည် သုံးသပ်ပြုပြင် ပြောင်းလဲမှုများ စလုပ်လာသည်။ အဆိုပါ ဥပဒေက အသက် ၁၈ နှစ်နှင့် ၄၅ နှစ်ကြား ကျန်းမာသန်စွမ်းသော အမေရိကန်နိုင်ငံသားနှင့် နိုင်ငံသားဖြစ်ရန်ရည်ရွယ်ထားသော အမျိုးသားတိုင်းသည်

Photo - Internet

ပြည်သူ့စစ်အဖွဲ့ဝင်များ ဖြစ်ကြောင်း ကြေညာပြီး ပြည်သူ့စစ်အဖွဲ့များကို အမျိုးသားလုံခြုံရေးအစောင့်တပ် (National Guard) ဟု ခေါ်သော တပ်ဖွဲ့စည်းပုံဖြင့် စနစ်တကျ စုဖွဲ့ထားသည့် ဖော်လန်တီယာ တပ်ဖွဲ့နှင့် အရံပြည်သူ့စစ်အဖွဲ့ဟူ၍ နှစ်မျိုး ခွဲလိုက်သည်။ အဆိုပါ ဥပဒေ မူဘောင်သည် ယနေ့ခေတ် ပြည်သူ့စစ်အဖွဲ့များဆိုင်ရာ ဥပဒေနှင့် သဘောတရားအားဖြင့် အများစု တူညီသည်။ ဒစ်အက် ဥပဒေက အမျိုးသား လုံခြုံရေး အစောင့်တပ်များ အတွက် ပုံမှန်စစ်သင်တန်းမဖြစ်မနေ တက်ရောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းပေးထားပြီး တပ်ဖွဲ့ဝင်လာသော စစ်သည်များနှင့် အရာရှိများအတွက် လိုအပ်သော အရည်အချင်းများကိုလည်း သတ်မှတ် ပြဋ္ဌာန်းပေးထားသည်။ အဆိုပါ ဥပဒေက ပြည်ထောင်စုရံပုံငွေနှင့် အမြဲတမ်းစစ်တပ်မှအရာရှိများအား ပြည်သူ့စစ်များ ဖွဲ့စည်း လေ့ကျင့်ရေးတွင် အသုံးပြုနိုင်စေရန် စီစဉ်ပေးထားသည်။

ဒစ်အက်ဥပဒေသည် ပြည်သူ့စစ်စနစ်ကို ခေတ်မီအောင်ပြုပြင်ပြောင်းလဲမှုလုပ်ရန် ကြိုးစားထားသော်လည်း ၂၀ ရာစု အမေရိကန် နိုင်ငံရေး ခေါင်းဆောင်များ ရင်ဆိုင်လာရသော မူဝါဒချမှတ်ရေးဆိုင်ရာ ပြဿနာတစ်ရပ်ကို ဖြေရှင်း မပေးနိုင်ပေ။ ၎င်းမှာ ပြည်သူ့စစ်များကို နိုင်ငံရပ်ခြားစစ်ရေး တာဝန်များ အတွက် ဆင့်ခေါ်အသုံးပြုခွင့်မရခြင်း ဖြစ်သည်။ ထိုအချိန်က အမေရိကန် ပြည်ထောင်စုသည် စစ်တပ်အနေဖြင့် အင်အားအနည်းငယ်မျှသာရှိသော အမြဲတမ်း စစ်တပ်တစ်ခုသာ ရှိခဲ့ပြီး အဆိုပါတပ်၏အင်အားသည် ကျူးဘား၊ ဖိလစ်ပိုင်နှင့် အခြားသော နိုင်ငံရပ်ခြား ဒေသများရှိ စစ်ရေး တာဝန်များအတွက် လုံလောက်မှု မရှိသေးပေ။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြည်သူ့စစ်ဆိုင်ရာ ပြဋ္ဌာန်းချက် (Militia Clause) သည် ခုခံစစ်အင်အားအတွက်သာ အသုံးဝင်ပြီး ကမ္ဘာ့အာဏာကစားပွဲ အတွက် အသုံးမဝင်သေးပေ။

ပြည်ထောင်စုအစိုးရကပြည်သူ့စစ် တပ်ဖွဲ့အင်အား အသုံးချရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ကန့်သတ်ချက်များကို ၁၉၁၆ အမျိုးသားကာကွယ်ရေးအက်ဥပဒေ (National Defense Act of 1916) ဖြင့် ကျော်လွှားဖို့ကွန်ဂရက်က ကြိုးစားခဲ့သည်။ အဆိုပါ ဥပဒေသည် ယနေ့ခေတ် ပြန်တမ်းဝင်စာရင်းနှစ်ခု တပြိုင်နက် တည်းထားရှိသော စနစ် (Dual Enlistment) ၏ ရှေ့ပြေးပြဋ္ဌာန်းချက်များပါဝင်ပြီး သမ္မတအား စစ်ဖြစ်နေစဉ် ကာလတွင် အမျိုးသား လုံခြုံရေးအစောင့် တပ်ဖွဲ့ဝင်များအား ပြည်ထောင်စု ကြည်းတပ်အတွင်းသို့ဆင့်ခေါ် ထည့်သွင်းခွင့် ပေးထားသည်။ အမျိုးသား လုံခြုံရေးအစောင့် တပ်ဖွဲ့ဝင်တစ်ဦး သည် ထိုသို့ဆင့်ခေါ် ထည့်သွင်းလိုက်ပြီဆိုသည်နှင့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် နှုတ်ထွက်ပြီးဖြစ်၍ တပ်မှ ထုတ်ပယ် မခံရမချင်း ပြည်ထောင်စုစစ်တပ်၏ စစ်သည်တစ်ဦး ဖြစ်လာသည်။

အစောင့် တပ်ဖွဲ့ဝင်များအား ထိုကဲ့သို့ ဆင့်ခေါ်ထည့်သွင်းသော စနစ်သည် ပြဿနာများစွာ ပေါ်ပေါက်လာစေခဲ့သည်။ အဓိက တစ်ခုမှာ အဆိုပါ စနစ်သည် အမျိုးသားလုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်များအပေါ် အစုအဖွဲ့လိုက် သက်ရောက် ခြင်းမဟုတ်ပဲ တစ်ဦးတစ်ယောက်ချင်းစီအလိုက် သက်ရောက်လာစေခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် အမျိုးသားလုံခြုံရေး အစောင့်တပ်ယူနစ်များသည် ၎င်းတို့ တပ်ဖွဲ့ဝင်များ ပြည်ထောင်စု ကြည်းတပ်အတွင်းသို့ ပြန့်ကျဲဝင်ရောက်သွားကြသည်နှင့်အမျှ တပ်ဖွဲ့ဝင်များနှင့် ယူနစ်များကြား စည်းနှောင်မှု ပျောက်ဆုံးလာတော့သည်။

ကွန်ဂရက်သည် အဆိုပါ ပြဿနာကို ၁၉၃၃ အမျိုးသား ကာကွယ်ရေး အက်ဥပဒေဖြင့် ကုစားခဲ့သည်။ အဆိုပါ ဥပဒေသည် ယနေ့ခေတ် အမေရိကန်အမျိုးသားလုံခြုံရေးအစောင့်တပ်က အသုံးပြုနေသော ပြန်တမ်းဝင်စာရင်းနှစ်ခု အပြိုင်ထားရှိသောစနစ် (Dual Enlistment System) ကို စတင်ဖော်ဆောင်ပေးခဲ့သည်။ အမျိုးသား လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင် အရာရှိများနှင့် စစ်သည်များသည် တပြိုင်နက်တည်းတွင် အဖွဲ့အစည်းနှစ်ခု၌ စာရင်းပေးသွင်း မှတ်ပုံတင်ရသည်။ ပထမတစ်ခုမှာ ပြည်နယ်အမျိုးသားလုံခြုံရေးအစောင့်တပ်ဖွဲ့ (National Guard of a state) (တစ်နည်းအားဖြင့် စနစ်တကျ စုဖွဲ့ထား

သော ပြည်နယ် ပြည်သူ့စစ်တပ်ဖွဲ့) တွင်စာရင်းပေးသွင်း ဝင်ရောက်ရသည်။ ဒုတိယအနေဖြင့် အမေရိကန် ပြည်ထောင်စု အမျိုးသား လုံခြုံရေး အစောင့်တပ် (National Guard of the United States) အဖြစ် စာရင်းပေးသွင်း ဝင်ရောက်ရသည်။

ပြည်နယ်အားလုံး၏ အမျိုးသားလုံခြုံရေး အစောင့်တပ်များနှင့် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေး အစောင့်တပ်သည် တပ်ဖွဲ့ဝင်တစ်ဦးတည်းက အဖွဲ့နှစ်ဖွဲ့မှာ တပြိုင်နက်တည်း အဖွဲ့ဝင်ဖြစ်နေသော တပ်ဖွဲ့များ ဖြစ်သည်။ ၁၉၁၆ ဥပဒေနှင့် မတူသည့် အချက်မှာ ယခုဥပဒေအရပြည်ထောင်စုအစိုးရသည် အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့ဝင်များကို တစ်ဦးတစ်ယောက်ချင်း အခြေခံဖြင့် မဟုတ်ပဲ ယူနစ်တစ်ခုလုံးကို ဆင့်ခေါ် သိမ်းသွင်းနိုင်ခြင်း ဖြစ်သည်။ အကျိုးဆက် အနေဖြင့် အမျိုးသားလုံခြုံရေးအစောင့် တပ်သည် ပြည်ထောင်စု - ပြည်နယ် ပေါင်းကူးတံတားပုံစံ ဖြစ်လာခဲ့သည်။

၁၉၃၃ တွင် အမျိုးသားလုံခြုံရေး အစောင့်တပ်စစ်စည်းရုံးရေး ဥပဒေ (National Guard Mobilization Act) ကို ထပ်မံ ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ပြည်ထောင်စု တပ်မတော် အရန်အင်အားအစိတ်အပိုင်းအဖြစ် တရားဝင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ၎င်းတပ်သည် အမေရိကန် ပြည်ထောင်စု အရံ တိုက်ခိုက်ရေးကြည်းတပ် (the U.S. Army Reserve) ၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်လာသည်။ ၁၉၄၇ တွင် အမေရိကန် လေတပ်မတော် (United States Air Force) အား သီးခြား လက်ရုံးတပ်အဖြစ် တည်ထောင်ပြီးချိန်တွင် အမျိုးသားလုံခြုံရေး အစောင့်လေတပ် (Air National Guard) ကို လည်း အမျိုးသားလုံခြုံရေးအစောင့်တပ်၏ အစိတ်အပိုင်းအဖြစ် တိုးချဲ့ထူထောင်လိုက်သည်။

အမေရိကန်ပြည်ထောင်စု အမျိုးသားလုံခြုံရေး အစောင့်တပ် (National Guard of the United States) ကို အမေရိကန် ပြည်ထောင်စု အရံ တိုက်ခိုက်ရေးကြည်းတပ် (the U.S. Army Reserve) အဖြစ် သတ်မှတ်လိုက်ခြင်းသည် ကွန်ဂရက်အား ပြည်သူ့စစ်တပ်ဖွဲ့များ၏ လူအင်အားနှင့် လက်နက်ပစ္စည်းများကို မူလက ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များ ထက်ကျော်လွန်၍ ဆင့်ခေါ်အသုံးပြုခွင့် ရလာစေခဲ့သည်။ ဥပမာအားဖြင့် ဆိုရလျှင်ပြည်သူ့စစ်တပ်ဖွဲ့များသည် အီရတ်နှင့် အာဖဂန်နစ္စတန်ကဲ့သို့ နိုင်ငံရပ်ခြားစစ်ရေး တာဝန်များကို ထမ်းဆောင် ခွင့်မရှိပေ။ အဆိုပါဒေသများတွင်ရှိနေသော အမေရိကန်တပ်များသည် တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းဆူပူ သောင်းကျန်းမှုနှိမ်နင်းရေး၊ ကျူးကျော်မှုများ တိုက်ထုတ်ရေးဟူသော အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပေးထားသော တာဝန်များကို ထမ်းဆောင်နေခြင်း မဟုတ်ပေ။ အဆိုပါတပ်များသည် အီရတ် သို့မဟုတ် အာဖဂန်နစ္စတန်တို့တွင် စစ်ရေးတာဝန်များ ထမ်းဆောင်နေခြင်းသည် အမေရိကန်ပြည်ထောင်စုကြီး၏ အမျိုးသား လုံခြုံရေး အစောင့်တပ်ဖွဲ့များ၊ တစ်နည်းအားဖြင့် အမေရိကန် ပြည်ထောင်စု အရံကြည်းတပ်၏ အရံအင်အား အနေဖြင့် တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ပြည်နယ် ပြည်သူ့စစ်တာဝန်များကို ထမ်းဆောင်နေသည့်အခါ ပြည်နယ်၏ အမျိုးသားလုံခြုံရေးအစောင့်တပ် အနေဖြင့် တာဝန်ထမ်းနေခြင်း ဖြစ်သည်။

ကွပ်ကဲပုံ၊ ဖွဲ့စည်းလည်ပတ်ပုံ နှင့် အင်အား

အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့များကို အမေရိကန် ပြည်ထောင်စုရှိပြည်နယ် ၅၀ နှင့် ပြည်ထောင်စုနယ်မြေ ဖြစ်သော Washington DC၊ သီးခြားအုပ်ချုပ်ရေး ဒေသကြီးများ ဖြစ်ကြသော Guam၊ Puerto Rico နှင့် the Virgin Islands စသော နယ်မြေ ၄ ခုတို့တွင် အသီးသီး ဖွဲ့စည်းထားရှိသည်။ လက်ရှိ အမေရိကန် ပြည်ထောင်စုစစ်အင်္ဂါစဉ် (Order of Battle) တွင် အမျိုးသားလုံခြုံရေး အစောင့်တပ်များမှာ အမျိုးသားလုံခြုံရေး အစောင့်ကြည်းတပ် (Army National Guard) နှင့် အမျိုးသားလုံခြုံရေး အစောင့်လေတပ် (Air National Guard) ဟူ၍ အမေရိကန်ကြည်းတပ် (U.S. Army) နှင့်

လေတပ် (U.S. Air Force) ၏ အရံတပ်များအဖြစ် ဖွဲ့စည်းထားသည်။ အမေရိကန် အမျိုးသား လုံခြုံရေး အစောင့်တပ်သည် တပ်ဖွဲ့များကို အရံတပ်အသွင် ဖွဲ့စည်းထားသော်လည်း ကွပ်ကဲမှုနှင့် စစ်အင်္ဂါစဉ်တွင်မူ သီးခြားစစ်လက်ရုံးတပ်တစ်ခုသဖွယ် ဖွဲ့စည်း ထားသည်ကို တွေ့ရသည်။ အမျိုးသားလုံခြုံရေးအစောင့်တပ်များသည် လုပ်ငန်းတာဝန်အားဖြင့် ပြည်နယ်တာဝန်များသာမက ပြည်ထောင်စုတာဝန်များကိုပါ ထမ်းရွက်နေကြရသည့် အတွက် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရ၏ ကွပ်ကဲမှု နှစ်ခုအောက်တွင် လှုပ်ရှားဆောင်ရွက်ရသည်။

ပြည်ထောင်စုအဆင့် တွင် အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ကာကွယ်ရေးဝန်ကြီးဌာန (Department of Defense) လက်အောက်ရှိ ကြည်းတပ် နှင့် လေတပ် ပူးပေါင်းဖွဲ့စည်းထားသည့် အမျိုးသား လုံခြုံရေး အစောင့်တပ်ဗျူရို (National Guard Bureau) မှ စီမံ ထောက်ပံ့မှုများ၊ စစ်ဦးစီးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ပြီး အဆိုပါ ဗျူရို၏ အကြီးအကဲသည် ကြယ်လေးပွင့်အဆင့် ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သည်။ ကြည်း၊ ရေ၊ လေ အစရှိသော စစ်လက်ရုံးတပ်များမှ စစ်ဦးစီးချုပ်များ ပါဝင်သည့် အမေရိကန်၏ ထိပ်တန်း စစ်ရေးအကြံပေးအဖွဲ့ဖြစ်သော စစ်ဦးစီးချုပ်များကော်မတီ (Joint Chief of Staff) တွင် အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး အင်အား ငါးသိန်းနီးပါးခန့်ရှိသော ကြည်းနှင့်လေ အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ကွပ်ကဲကာ အမေရိကန်ပြည်ထောင်စု၏ အမိမြေကာကွယ်ရေးကို တာဝန်ယူလျက်ရှိသည်။

ပြည်နယ်အစိုးရများ အနေနှင့် ပြည်ထောင်စုအစိုးရက အမျိုးသားလုံခြုံရေးအ စောင့်တပ်ဖွဲ့များကို ဖက်ဒရယ်တပ်အသွင်ပြု၍ ဆင့်ခေါ်မှုမပြုသည့် ကာလအတွင်း ကွပ်ကဲမှုကို ရရှိထားသည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး (Governor) များက သက်ဆိုင်ရာပြည်နယ်တွင်းရှိ အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့များ၏ ဦးစီးချုပ်အဖြစ် တာဝန်ယူရသည်။ ပြည်နယ်တွင်းရှိ အမျိုးသားလုံခြုံရေး အစောင့်တပ်ဖွဲ့များအား အုပ်ချုပ်ရာတွင် ပြည်နယ်အခြေခံဥပဒေနှင့် ကွန်ဂရက်ကပြဋ္ဌာန်းထားသော ဥပဒေများအရ အုပ်ချုပ်ပြီး စစ်ဘက်ဆိုင်ရာစီမံမှုများအတွက် ပြည်နယ်ရှိစစ်ရေးချုပ် (Adjutant General) က စီမံသည်။

တပ်ဖွဲ့အင်အားအနေဖြင့် ၂၀၂၂ ဇန်နဝါရီလ နောက်ဆုံးစာရင်းအရ အမျိုးသမီးနှင့် အမျိုးသား စုစုပေါင်းအင်အား ၄၅၀,၀၀၀ ရှိသည်။ လက်ရှိ အမေရိကန်စစ်တပ်ရှိ တိုက်ခိုက်ရေးအင်အား၏ ၄၀ ရာခိုင်နှုန်းနှင့် စစ်လေယာဉ်မှူး (ဒရုန်းပိုင်းလော့များအပါအဝင်) ၄၃ ရာခိုင်နှုန်းမှာ အမျိုးသားလုံခြုံရေးအစောင့်တပ်မှ ဖြစ်သည်။ ၂၀၀၁ မှ ၂၀၁၆ ခုနှစ်အတွင်း အမျိုးသားလုံခြုံရေးအစောင့်တပ်မှ ပြည်ပ တပ်ချထားမှု အင်အား ၇၈၀,၀၀၀ ရှိပြီး အီရတ်စစ်ပွဲတွင် ကျဆုံးသော စစ်သည် ၆ ဦးလျှင် တစ်ဦးမှာ အမျိုးသားလုံခြုံရေးအစောင့် တပ်ဖွဲ့မှ ဖြစ်သည်။

တပ်ဖွဲ့ဝင်များသည် ပုံမှန်အားဖြင့် မိမိအိမ်တွင် နေထိုင်၍ အရပ်ဘက် အလုပ်အကိုင်များကို လုပ်ကိုင်ကြသော အချိန်ပိုင်း စစ်မှုထမ်းများဖြစ်ပြီး တာဝန်ဆင့်ခေါ်ချိန်ကြမှသာ သက်ဆိုင်ရာတာဝန်များကို သွားရောက် ထမ်းဆောင်ကြရသည်။ တပ်ဖွဲ့ဝင်များသည် ပုံမှန် တစ်လလျှင် တစ်ပတ်နှင့် နှစ်စဉ်နှစ်ပတ်ကြာ စစ်သင်တန်း တက်ကြရသည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်များကို အောက်ပါ နည်းလမ်းသုံးခုဖြင့် ဆင့်ခေါ်နိုင်သည်။

သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် သက်ဆိုင်ရာ နယ်မြေ၏ အုပ်ချုပ်ရေးမင်းကြီး အကြီးအကဲက ဆင့်ခေါ်နိုင်သည်။ ထိုသို့ ဆင့်ခေါ်လျှင် အဆိုပါ အုပ်ချုပ်ရေးမှူးသည် မိမိဆင့်ခေါ်သော အမျိုးသားလုံခြုံရေး အစောင့်တပ်များ၏ ဦးစီးချုပ်တာဝန်ကိုယူရပြီး ကုန်ကျစရိတ်ကို ပြည်နယ်က ကျခံရသည်။

အမေရိကန် ကိုဒ်ဥပဒေပုဒ်မကြီး ၁၀ အရ သမ္မတက အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ပြည်ထောင်စု တာဝန်များအတွက် ဆင့်ခေါ်နိုင်သည်။ ထိုသို့ ဆင့်ခေါ်လျှင် သမ္မတက ၎င်းဆင့်ခေါ်သော အမျိုးသားလုံခြုံရေး အစောင့်တပ်

များ၏ ကာကွယ်ရေး ဦးစီးချုပ် တာဝန်ယူရပြီး တာဝန်ကျ တပ်မတော်အရာရှိများက အဆိုပါ အစောင့်တပ်များကို မြေပြင်ကွပ်ကဲမှု လုပ်ဆောင်ပေးရသည်။ အဆိုပါလုပ်ငန်းတာဝန်အတွက် ကုန်ကျစရိတ်ကို ပြည်ထောင်စု အစိုးရက ကျခံပေးရသည်။ ဟာရီကိန်းကာထရီနာ မုန်တိုင်းကျရောက်ခဲ့စဉ် ကယ်ဆယ်ရေး လုပ်ငန်းများကို ထိုကဲ့သို့ လုပ်ဆောင်ခဲ့သည်။

အမေရိကန် ကိုဒ‌ဥပဒေ ပုဒ်မကြီး ၃၂ အရလည်း အမေရိကန်သမ္မတက အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဆင့်ခေါ်နိုင်သည်။ ထိုသို့ဆင့်ခေါ်လျှင် သက်ဆိုင်ရာ ပြည်နယ်အသီးသီးမှ ပြည်နယ်အုပ်ချုပ်ရေးမှူးများက မိမိတို့ပြည်နယ်မှ အမျိုးသားလုံခြုံရေး အစောင့်တပ်များ၏ ဦးစီးချုပ်တာဝန်ကို ယူရပြီး ပြည်ထောင်စုအဆင့် အမျိုးသား လုံခြုံရေးအစောင့်တပ် ဗျူရို (Chief of National Guard Bureau) အကြီးအကဲထံ အစီရင်ခံရသည်။ ၎င်းလုပ်ငန်း တာဝန်များအတွက် ကုန်ကျစရိတ်ကို ပြည်ထောင်စု အစိုးရက ကျခံပေးရသည်။

လုပ်ငန်းတာဝန်

အမျိုးသားလုံခြုံရေး အစောင့်တပ်၏ လုပ်ငန်းတာဝန်သည် အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်သူ့စစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အခြေတည်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ ၈ အရ ကွန်ဂရက်အနေဖြင့် ပြည်သူ့စစ်များကို တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန် (to execute the Laws of the Union)၊ ဆူပူ သောင်းကျန်းမှုများကို နှိမ်နင်းရန် (to suppress Insurrections)၊ ကျူးကျော်မှုများကို တိုက်ထုတ်ရန် (to repel Invasions) စသည့် လုပ်ငန်းတာဝန်များအတွက် ဆင့်ခေါ်နိုင်ကြောင်း ဖော်ပြထားသည်။ သို့သော် ခေတ်ကာလနှင့် အခြေအနေ ပြောင်းလဲ လာသည်နှင့်အမျှ အမေရိကန် ကွန်ဂရက်သည် အမျိုးသားလုံခြုံရေး အစောင့်တပ်များ၏ လုပ်ငန်း တာဝန်များကို ဥပဒေ အမျိုးမျိုးဖြင့် တိုးချဲ့သတ်မှတ်လာခဲ့ရာ တပ်ဖွဲ့အနေဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းတာဝန်များမှာ ကျယ်ပြန့်များပြားလာခဲ့သည်။ အဆိုပါ ကျယ်ပြန့်များပြားလှသော လုပ်ငန်းတာဝန်များကို ယေဘုယျအားဖြင့် အမျိုးအစားလေးမျိုး ဖြင့် ခွဲခြား ကြည့်နိုင်ပါသည်။

အမျိုးသားလုံခြုံရေး အစောင့် တပ်များကို သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ပြည်နယ်တလွှား အရေးပေါ် အခြေအနေများ အတွက် ကြိမ်ဖန်များစွာဆင့်ခေါ် လေ့ရှိသည်။ ဥပမာ ၂၀၂၀ က အော်ရီဂွန်၊ ကယ်လီဖိုးနီးယားနှင့် ဝါရှင်တန်အပါအဝင် အနောက်ဘက် ပြည်နယ်များ တလျှောက် ဖြစ်ပွားခဲ့သော သမိုင်းဝင် တောမီးလောင်ကျွမ်းမှုကြီးကို ငြိမ်းသတ်ရန် ထောင်ပေါင်းများစွာသော အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဆင့်ခေါ်အသုံးပြုခဲ့ရသည်။ အမျိုးသားလုံခြုံရေး တပ်များသည် အမေရိကန် ပြည်ထောင်စု အရှေ့တောင်ဘက် တလွှားကို ပုံမှန်လိုလို ဝင်ရောက် တိုက်ခိုက်နေလေ့ရှိသော ဟာရီကိန်း မုန်တိုင်းဘေးအတွက် နှစ်စဉ်နှစ်တိုင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေရသည်။ ၂၀၁၉ ခုနှစ်အတွင်းမှာပင် အမျိုးသားလုံခြုံရေး အစောင့်တပ်သည် ဟာရီကိန်းမုန်တိုင်းဘေး ၇ ခု၊ ရေဘေး ၁၉ ခု၊ မီးဘေး ၁၂ ခုအပါအဝင် သဘာဝဘေးအန္တရာယ်ပေါင်း ၆၃ ခု အတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ရသည်။ ၂၀၂၀ မတ်လမှစ၍ ကမ္ဘာ့ကပ်ရောဂါကြီး တစ်ခုဖြစ်သော ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးစီမံချက် အတွက်လည်း ပြည်နယ်အသီးသီးမှ အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဆင့်ခေါ်၍ ဆေးရုံများတွင် ကူညီပေးခြင်း၊ စားနပ်ရိက္ခာပေးဝေခြင်း၊ ကိုရိုနာဗိုင်းရပ်စ်စစ်ဆေး ပေးခြင်းစသော လုပ်ငန်းတာဝန်များကို ထမ်းဆောင် စေခဲ့သည်။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပြည်ပ စစ်အင်အား ဖြည့်တင်းပေးရေး၊ တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲတွင်ကူညီရေး စသည့် တာဝန်များ ဖြစ်သည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်သည် အမေရိကန် ပြည်ထောင်စု၏ နိုင်ငံရပ်ခြားစစ်ဆင်ရေးများအတွက်လည်း အင်အားဖြည့်တင်းမှုများ ပြုလုပ်ပေးရသည်။ ၁၉၉၉ က ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့တွင် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်များ စေလွှတ်ရာတွင်

အားဖြည့် ပါဝင်ခဲ့သည်။ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု နောက်ပိုင်းကတည်းက အီရတ်နှင့် အာဖဂန်နစ္စတန် အပါအဝင်ပြည်ပနိုင်ငံများတွင် နေရာချထားသော တပ်များတွင် အမျိုးသားလုံခြုံရေး အစောင့်တပ်မှ အင်အား ၁ သန်းကျော် ပါဝင်ပြီး အီရတ်စစ်ပွဲတွင် ကျဆုံးသော စစ်သည် ၆ ဦးလျှင် ၁ ဦးမှာ အမျိုးသားလုံခြုံရေးအစောင့်တပ်ဖွဲ့မှ ဖြစ်သည်။ အမျိုးသား လုံခြုံရေး အစောင့်တပ်သည် အမေရိကန် တော်လှန်ရေးစစ်ကြီးပြီးကတည်းက ဖြစ်ပွားခဲ့သော အမေရိကန် ပါဝင်ပတ်သက်သည့် ပဋိပက္ခတိုင်းနီးပါးတွင် ဝင်ရောက် တိုက်ခိုက်ပေးခဲ့ရသည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ပြည်နယ်အုပ်ချုပ်ရေးမှူးများက တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းရန်အတွက်လည်း ဆင့်ခေါ် အသုံးပြုနိုင်သည်။ ၂၀၂၀ ခုနှစ် မေလအတွင်းက မင်နီယာပိုလစ်မြို့၌ လူဖြူရဲအရာရှိတစ်ဦးက လူမည်း အမျိုးသား ဂျော့ဖလွိုက်ကို လူမြင်ကွင်း၌ သတ်ဖြတ်ခဲ့ပြီးနောက် ပေါ်ပေါက်လာသော ဆူပူအုံကြွမှုများကို ထိန်းသိမ်းရန် ပြည်နယ် အတော်များများက အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဆင့်ခေါ်ခဲ့ရသည်။ ၂၀၂၁ ဇန်နဝါရီလအတွင်းကလည်း ကွန်ဂရက်တွင် သမ္မတရွေးကောက်ပွဲ မဲရလာဒ်များ ရေတွက်ရန် ဥပဒေပြုအမတ်များ အစည်းအဝေးလုပ်နေစဉ် ထိုစဉ်က ရွေးကောက်ပွဲ ရှုံးသွားသော သမ္မတဟောင်း ဒေါ်နယ်ထရန့်ကို ထောက်ခံသည့် လူအုပ်ကြီးက ကွန်ဂရက်လွှတ်တော် အဆောက်အဦး အားတိုက်ခိုက်ရန် ကြိုးစားလာမှုကြောင့် ဝါရှင်တန်ဒီစီမှ အမျိုးသားလုံခြုံရေးအစောင့် တပ်ကိုဆင့်ခေါ် ကာကွယ်ပေးခဲ့ရသည်။ နောက်ပိုင်းတွင် အဆိုပါ အစောင့်တပ်အား လွှတ်တော်အဆောက်အဦး အတွင်း၌ စခန်းချနေရာ ယူစေခဲ့ခြင်းကြောင့် ယင်းအခြေအနေကို ပြည်တွင်းစစ်ကာလ အခြေအနေနှင့်ပင် ခိုင်းနှိုင်း ပြောဆိုမှုများ ရှိလာခဲ့သည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်သည် မကြာသေးမီ နှစ်များမှစ၍ ပြည်နယ်အစိုးရများနှင့် ဒေသန္တရအစိုးရများ၏ ရွေးကောက်ပွဲ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကူအညီများ ပေးခဲ့သည်။ ပြီးခဲ့သော ၂၀၂၀ သမ္မတ ရွေးကောက်ပွဲတွင် ဆိုက်ဘာလုံခြုံရေး အကူအညီအပြင် ကိုရိုနာ ဗိုင်းရပ်စ်ရောဂါ ဘေးကြောင့် မဲရုံဝန်ထမ်း အင်အားဖြည့်တင်းပေးမှု အပါအဝင် ထပ်ဆောင်းတာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် ရွေးကောက်ပွဲ၌ စစ်တပ် ပါဝင်ပါတ်သက်မှုရှိသည်ဟု အများပြည်သူက မြင်လာမည်ကို ရှောင်တိမ်းရန် စစ်ယူနီဖောင်းဖြင့် မဟုတ်ပဲ အရပ်ဝတ်ဖြင့်သာ ထမ်းဆောင်ခဲ့ကြသည်။

၂၀၂၀ ခုနှစ်သည် အမျိုးသား လုံခြုံရေးအစောင့်တပ်အတွက် သမိုင်းဝင်နှစ်တစ်ခုပင် ဖြစ်သည်။ သဘာဝဘေး အန္တရာယ် ကယ်ဆယ်ရေး၊ ဆူပူအုံကြွမှုများထိန်းချုပ်ရေးနှင့် ကပ်ရောဂါတိုက်ဖျက်ရေး တာဝန်များအတွက် အမေရိကန်ပြည်ထောင်စု အတွင်း၌ပင် အစောင့်တပ်ဖွဲ့ အင်အား ၁ သိန်းနီးပါးကို ဆင့်ခေါ် အသုံးပြုခဲ့ရသည်။ ဟာရီကိန်း ကတ်ထရီနာ မုန်တိုင်းဘေး အန္တရာယ် ကာလအတွင်း အသုံးပြုခဲ့သော သမိုင်းဝင် အများဆုံးအင်အား၏ နှစ်ဆရှိသည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်နှင့် ပတ်သက်၍ အငြင်းပွားမှုများ

အမျိုးသားလုံခြုံရေး အစောင့်တပ်ဆင့်ခေါ်မှုနှင့် ပတ်သက်၍ သမ္မတနှင့် သက်ဆိုင်ရာပြည်နယ် အုပ်ချုပ်ရေးမှူးတို့ကြား အခါ အားလျော်စွာ အငြင်းပွားမှုများ ရှိခဲ့ကြသည်။ အထူးသဖြင့် တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်ရေး ကိစ္စများတွင် ပို၍အငြင်းပွားကြသည်။ ပြည်နယ် သို့မဟုတ် ဒေသအုပ်ချုပ်ရေးမှူးများက ဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဥပဒေစိုးမိုးရေးယာယီ တပ်ဖွဲ့များအဖြစ် ဆင့်ခေါ်နိုင်သော်လည်း သမ္မတ အနေဖြင့် သာမာန်အခြေအနေမျိုးတွင် ထိုသို့ လုပ်ခွင့်မရှိပေ။ ပိုစီကိုမီတေးတပ်စ်အက်ဥပဒေ (The Posse Comitatus Act) အရ သမ္မတအား ဆိုခဲ့ပါ လုပ်ငန်းတာဝန်မျိုးအတွက် အမျိုးသားလုံခြုံရေး အစောင့်တပ်များကိုဆင့်ခေါ်ခြင်းမှ တားမြစ်ထားသည်။ သို့သော် သမ္မတသည် ဆူပူ

သောင်းကျန်းမှုဆိုင်ရာ အက်ဥပဒေ (The Insurrection Act) ကို ကိုးကား၍ အထက်ပါ တားမြစ်ချက်ကို ရှောင်ရှားနိုင်သည်။ ထင်ရှားသော ဥပမာဖြစ်ရပ် တစ်ခုမှာ အယ်လာဘားမား ပြည်နယ်အုပ်ချုပ်ရေးမှူးက အမေရိကန်တရားလွှတ်တော်ချုပ်က ချမှတ်ခဲ့သော ဘရောင်းနှင့် ပညာရေးဘုတ်အဖွဲ့ အမှုဖြတ်ထုံးပါ ဆုံးဖြတ်ချက် (Brown v. Board of Education decision) ကို လိုက်နာရန် ငြင်းဆန်ခဲ့မှုကြောင့် သမ္မတ အိုက်စင်ဟောင်ဝါသည် ဆူပူသောင်းကျန်းမှုဆိုင်ရာ အက်ဥပဒေကိုသုံး၍ အယ်လာဘားမား ပြည်နယ်အမျိုးသား လုံခြုံရေး အစောင့်တပ်ကို ပြည်ထောင်စုတပ်အသွင် ပြု၍ ဆင့်ခေါ်ပြီး လူဖြူလူမည်းသီးခြားစီခွဲထားသော စာသင်ကျောင်းစနစ် ဖျက်သိမ်းရေးနှင့် လူမျိုးပေါင်းစုံ စာသင်ကျောင်းစနစ် ဖော်ဆောင်ရေးဆုံးဖြတ်ချက်ကို အသက်ဝင်အောင် လုပ်ဆောင်ခဲ့သည်။

အမျိုးသားလုံခြုံရေး အစောင့်တပ်၏ စစ်အင်အားကို ပြည်တွင်း၌ အသုံးပြုမှုနှင့် ပတ်သက်သော အငြင်းပွားမှုက ၂၀၂၀ ခုနှစ် ဂျော့ဖလွိုက်သေဆုံးမှုကြောင့် ပေါ်ပေါက်လာသည့် လူမျိုးရေးခွဲခြားမှု ဆန့်ကျင်ရေး အုံကြွမှုကာလ အတွင်း၌လည်း လောလောလတ်လတ်ဖြစ်ပွားခဲ့သည်။ သမ္မတဒေါ်နယ်ထရန့်က နိုင်ငံတလွှားဖြစ်ပွားနေသော ဆူပူအုံကြွမှုများကို နှိမ်နင်းရန် စစ်တပ်အင်အားကို သုံးမည်ဟု ခြိမ်းခြောက်ခဲ့ပြီး အချို့သော ရီပါဘလစ်ကန် အမတ်များက ဆူပူသောင်းကျန်းမှုဆိုင်ရာ အက်ဥပဒေကို သုံး၍ ထိုသို့လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။ သို့သော် ထရန့်သည် အမတ်များ တိုက်တွန်းသည့်အတိုင်း မလုပ်ပဲ ပြည်နယ်အုပ်ချုပ်ရေးမှူးများအား အမျိုးသားလုံခြုံရေး အစောင့်တပ်များကို ဝါရှင်တန် ဒီစီသို့ စေလွှတ်ပြီး ပြည်ထောင်စုအစိုးရ၏ ဆူပူမှုထိန်းချုပ်ရေးလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။ အဆိုပါလုပ်ရပ်ကို အင်အား အဆမတန် သုံးသောလုပ်ရပ်ဟု အများပြည်သူကြား ပြင်းပြင်းထန်ထန် ဝေဖန်မှုများ ရှိခဲ့သည်။ ဆူပူဆန္ဒပြမှု ကာလများအတွင်း ထရန့်ဘက်မှ အမေရိကန်မြို့ကြီး အများအပြားသို့ ပြည်ထောင်စု အေးဂျင့်များ စေလွှတ်မှုကြောင့် ဝေဖန်မှုများရှိခဲ့သည်။ ဒီမိုကရက် အမတ်များက အလားတူလုပ်ရပ်များ ထပ်မံ လုပ်မလာစေရန် ဆူပူသောင်းကျန်းမှုဆိုင်ရာ အက်ဥပဒေ (The Insurrection Act) ကိုပြင်ဆင်ဖို့ အကြံပြုထားကြသည်။

တဖက်တွင်လည်း ၂၀၂၀ ဇန်နဝါရီက အမေရိကန်ကွန်ဂရက်လွှတ်တော် အဆောက်အဦးအတွင်းသို့ ဆူပူအုံကြွသူများအု ချိုးဖျက် ဝင်ရောက်လာမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုသည် နှေးကွေးပြီးလုံလောက်ထိရောက်မှုမရှိဟု ဝေဖန်မှုများလည်း ရှိခဲ့သည်။ ဝါရှင်တန်ဒီစီသည် ပြည်နယ်မဟုတ်သောကြောင့် အမျိုးသားလုံခြုံရေးအစောင့်တပ်များ ဆင့်ခေါ်နေရာချထားမှုကို သမ္မတ သို့မဟုတ် ပင်တဂွန်က အမိန့်ပေးရမည် ဖြစ်သည်။ ထိုစဉ်က ယာယီကာကွယ်ရေးဝန်ကြီး ခရစ္စတိုဖာမီမိုင်လာက ကိုယ့်သဘောနှင့်ကိုယ် တပ်အင်အား တစ်ထောင်ကျော် ဆင့်ခေါ် နေရာ ချထားခဲ့သည်။ သို့သော်ဆင့်ခေါ်မှု နောက်ကျသည်ဟု ဝေဖန်မှုများရှိခဲ့သည်။

နိဂုံး

အမေရိကန်အမျိုးသား လုံခြုံရေးအစောင့်တပ် National Guard သည် မူလက ပြည်သူ့စစ်များမှ ဆင်းသက်လာခဲ့သည်ဆိုသော်လည်း ယနေ့ခေတ် အစောင့်တပ်၏ လုပ်ငန်းတာဝန်နှင့် လှုပ်ရှားဆောင်ရွက်မှု၊ ဆင့်ခေါ်မှုတို့သည် မူလပြည်သူ့စစ်တို့၏ သဘာဝနှင့် ကွာခြားလာသလို အမေရိကန်ပြည်ထောင်စုတည်ထောင်သူတို့ မူလရည်ရွယ်မျှော်မှန်းခဲ့သော ပြည်ထောင်စု - ပြည်နယ် အပြန်အလှန် ထိန်းကြောင်းမှုကိုလည်း အားပျော့လာစေပါသည်။ အထူးသဖြင့် အမေရိကန် ကွန်ဂရက်လွှတ်တော်က အမေရိကန် ပြည်ထောင်စု အရန်ကြည်းတပ် ဖွဲ့စည်းထူထောင်ခြင်း၊ အမျိုးသားလုံခြုံရေး အစောင့် တပ်ဖွဲ့ဝင် အရာရှိများနှင့် စစ်သည်များကို ပြန်တမ်းဝင်စာရင်းနှစ်ခု (ပြည်ထောင်စု ကြည်းတပ်နှင့် ပြည်နယ်တပ်)တွင်တပြိုင်နက်တည်းအကျုံးဝင်စေသောစနစ် ဖန်တီးခြင်း၊ ပြည်နယ်အမျိုးသား လုံခြုံရေး အစောင့်တပ်များကို ပြည်ထောင်စု ကြည်းတပ်တွင် ထည့်သွင်းပါဝင်စေခြင်း စသည်

တို့ကို ဥပဒေအမျိုးမျိုးပြဋ္ဌာန်း အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ဖက်ဒရယ်စနစ်အရ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့ကြား သီးခြား အခွင့်အာဏာ ခွဲဝေထားမှုစည်းကို အားပျော့စေခဲ့ပြီး ပြည်ထောင်စု အစိုးရထံသို့ စစ်ရေးအာဏာကို ပိုမိုရရှိလာစေခဲ့သလို ကွန်ဂရက်လွှတ်တော်နှင့် သမ္မတကြား အပြန်အလှန် ထိန်းကြောင်းမှုစနစ်ကိုလည်း အားပျော့လာစေပြီး သမ္မတအတွက် လုပ်ပိုင်ခွင့် ပိုမိုရလာစေခဲ့သည်။ ကွန်ဂရက်၏ ထိုသို့သော ဥပဒေပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိကို ပညာရှင်အချို့ကလည်း မေးခွန်းထုတ်လာကြသည်။ သို့ဖြစ်၍ အမေရိကန်၏ ဖက်ဒရယ်စနစ် အဆက်အစပ်အတွင်းမှ စစ်ရေးအာဏာခွဲဝေမှုစနစ်သည် ပညာရှင်များကြား ဆွေးနွေးငြင်းခုံစရာ အကြောင်းအရာတစ်ခု ဖြစ်နေပါသည်။ မည်သို့ပင်ဆိုစေကာမူ အမေရိကန် အမျိုးသားလုံခြုံရေး အစောင့်တပ်၏ သမိုင်းကြောင်း၊ ဖွဲ့စည်းကွပ်ကဲပုံ၊ လုပ်ငန်းတာဝန်နှင့် အခန်းကဏ္ဍတို့သည် အနာဂတ်မြန်မာပြည်တွင် ပေါ်ထွန်းလာမည့် ဖက်ဒရယ် တပ်မတော် ဖွဲ့စည်းရေးအတွက်လည်း တစိတ်တပိုင်းအားဖြင့် လေ့လာစရာနှင့် သင်ခန်းစာ ယူဖွယ်ရာများစွာရှိသည်ဟု သုံးသပ်မိပါသည်။

ရည်ညွှန်းကိုးကားချက်များ

(i) U.S. CONST. art. 1, § 8, cls. 12, 13.

(ii) U.S. CONST. art. 2, § 2, cls. 1, 2.

(iii) U.S CONST. amend 2, § 8.

(iv) U.S CONST. amend 2, § 8.

(v) Leider, Robert, Federalism and the Military Power of the United States (May 26, 2020). 73 Vand. L. Rev. 989 (2020).

(vi) Douglas V. Johnson & Steven Metz. 1995. “American Civil-Military Relations: New Issues, Enduring Problems.” Strategic Studies Institute.

(vii) Leider, Robert, Federalism and the Military Power of the United States (May 26, 2020). 73 Vand. L. Rev. 989 (2020).

(viii) Anshu Siripurapu. January 15, 2021 “A Unique Military Force: The U.S. National Guard”. Council on Foreign Relation. Available at https://www.cfr.org/backgrounder/unique-military-force-us-national-guard

(ix) Jim Absher. 2021 (February). What's the Difference Between Title 10 and Title 32 Mobilization Orders? Available at https://www.military.com/benefits/reserve-and-guard-benefits/whats-difference-between-title-10-and-title-32-mobilization-orders.html

(x) Sandi Gohn. 2020 (December). 10 Need-To-Know Facts About the National Guard. Available at https://www.uso.org/stories/2934-10-need-to-know-facts-about-the-national-guard

(xi) https://www.northcom.mil/Newsroom/Fact-Sheets/Article-View/Article/563993/the-posse-comitatus-act/

Gender နှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ ကွပ်ကဲမှု

Myanmar Institute of Gender Studies (MIGS)

နိဒါန်း

၂၀ ရာစု ကာလ၊ အမျိုးသား လုံခြုံရေးမူဝါဒတွေကို လေ့လာသူပညာရှင်တွေက နိုင်ငံအများစုရဲ့ အမျိုးသားလုံခြုံရေးမှာ ထည့်သွင်းစဉ်းစားရမယ့် ပဓာနကျတဲ့ အခြေခံ အချက်လေးချက်ရှိကြောင်း ရေးသားခဲ့ပါတယ်။ အန္တရာယ်ကင်းရှင်းရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကောင်းမွန်သော အုပ်ချုပ်ရေးတို့ပဲ ဖြစ်ပါတယ်။ ပြည်သူအများရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ လုံခြုံရေးအတွက် ပြည်သူလူထုရဲ့ လုံခြုံရေး လိုအပ်ချက်များကို အုပ်ချုပ်သူများက သိမြင်နားလည်ဖို့ လိုအပ်ပါတယ်။ ဒီလို သိမြင်နားလည်နိုင်ရေးအတွက် လုပ်ဆောင်ရာမှာ အုပ်ချုပ်မှုယန္တရားတွေရဲ့ အမြင်သဘောထားနဲ့ အသံတွေသာမက အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အမြင် သဘောထားတွေကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်း တွေ့မြင်လာကြပါတယ်။ နိုင်ငံတော် လုံခြုံရေး၊ လူသားလုံခြုံရေးနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍတွေကို လေ့လာဆန်းစစ်မှုတွေ ပြုလုပ်လာကြပါတယ်။

အရပ်ဘက် အဖွဲ့အစည်းများ၏ လုံခြုံရေးဆိုင်ရာ အခန်းကဏ္ဍ နိုင်ငံတနိုင်ငံရဲ့ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေး (State-Society Relations) မှာ နိုင်ငံရေး ဩဇာအာဏာရှိသူတွေ၊ နိုင်ငံတော်လုံခြုံရေး အင်အားစုများနဲ့ စီးပွားရေးအင်အားစုတွေ ပူးပေါင်းပြီး၊ လူ့အဖွဲ့အစည်းကို ဖိနှိပ်မှုတွေပြုလုပ်လာတဲ့အခါ ဒီလိုဆက်ဆံရေးကို Repressive State-Society Relations အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒီအခါမှာ တိုင်းပြည်တွင်းမှာ နေထိုင်ကြတဲ့ ပြည်သူလူထုဟာ လုံခြုံရေးခံစားရမှု မရှိတော့ပဲ မိမိကိုယ်ကို ကာကွယ်နိုင်ရေးက အဓိက ဖြစ်လာပါတယ်။ ဒီလို

အခြေအနေတွေ မဖြစ်ပေါ်စေရေး အတွက် Legitimate State-Society Relations ကို တည်ဆောက်ရပါတယ်။ နိုင်ငံသားဗဟိုပြု နိုင်ငံတော်၊ လူမှုတာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းတွေနဲ့ ဘက်လိုက်မှုကင်းတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ လူသားတွေရဲ့ လုံခြုံရေးကို အားကောင်းစေနိုင်ပြီး Legitimate State - Society Relations ကို ပေါ်ထွန်းစေနိုင်ပါတယ်။

အာဏာရှင်တိုင်းပြည်များမှ တဆင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ဆောင်တဲ့ အခါမှာ အာဏာရှင်တွေရဲ့ ယန္တရားများ အဖြစ် လုံခြုံရေးအင်အားစုတွေအပေါ် လူ့အဖွဲ့အစည်းက ရှုမြင်နေတဲ့ အမြင်တွေကို လူသားလုံခြုံရေး အတွက် ကာကွယ်သူများအဖြစ် ပြောင်းလဲရပါတယ်။

ဒီလို ပြောင်းလဲရာမှာ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေ လုပ်ဆောင်လေ့ရှိတဲ့ လုပ်ငန်းဆောင်တာများမှာ -

(၁) ကောင်းမွန်တဲ့ အုပ်ချုပ်ရေးနဲ့ လူ့အခွင့်အရေးအား အရေးဆိုခြင်း - လူသားဗဟိုပြု လုပ်ဆောင်တဲ့ မူဝါဒများ ပေါ်ပေါက်လာရေးအတွက် အရေးဆိုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း

(၂) ကနဦး ကြိုတင်သတိပေးချက်များပေးခြင်းနဲ့ ပဋိပက္ခ ဆန်းစစ်ချက် - လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်း၊ ပဋိပက္ခများအား ဆန်းစစ်လေ့လာခြင်း၊ ပဋိပက္ခဖြစ်စေသော တွန်းအားများအား ဖော်ထုတ်ခြင်း၊ ပဋိပက္ခ ကြိုတင် ကာကွယ်ရေးဆိုင်ရာ political will ပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်း



(၃) အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း - အရပ်သားများအား ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဇုံများ တည်ဆောက်ခြင်းနဲ့ စစ်ပွဲသက်ရောက်ခံ လူမှုအသိုက်အဝန်းအား လူသားချင်း စာနာမှုဆိုင်ရာ ထောက်ကူပေးရန် Humanitarian aid corridors များ ထားရှိခြင်း

(၄) Track II Diplomacy - လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆန့်ကျင်ဘက် အတိုက်အခံများကြားတွင် ဆက်သွယ်ဆောင်ရွက်မှု ယန္တရားများ ပုံမှန်ရှိစေရန်နဲ့ ဒိုင်ယာလော့ခ်များ ပြုလုပ်သော space များ ဖွင့်ပေးခြင်း

(၅) ပံ့ပိုးကူညီခြင်းနဲ့ ကြားဝင်ဖြန်ဖြေခြင်း - ပဋိပက္ခအုပ်စုတွေအကြား ယုံကြည်မှု တည်ဆောက်နိုင်ရေး၊ နိုင်ငံရေးသဘောတူညီချက်များ ရရှိရေး၊ တွေ့ဆုံဆွေးနွေးရေး အာဂျင်ဒါများ ပေါ်ထွက်ရေးအတွက် ဆောင်ရွက်ခြင်း

(၅) လူမှုသဟဇာတပေါင်းစည်းခြင်း - တဦးချင်းနဲ့ အုပ်စုများအကြား ဆက်ဆံမှုလမ်းကြောင်းများ တည်ဆောက်ခြင်း

(၆) Conflict-Sensitive Journalism - အကြမ်းဖက်မှုများရဲ့ နောက် ဆက်တွဲဆိုးကျိုးများကို ဖော်ပြပြီး၊ ငြိမ်းချမ်းရေးသဘော တူညီ

ချက်များ ပေါ်ပေါက်လာစေရေးကို အားပေးတဲ့ ရေးသားမှုများ ပြုလုပ်ရန်နဲ့ အကြမ်းဖက်လုပ်ရပ်များကို အားပေးသော စာနယ်ဇင်း မဖြစ်စေခြင်း

(၇) စွမ်းရည်မြှင့်တင်ခြင်းနဲ့ ပညာရေး - ဒေသတွင်းခေါင်းဆောင်များနဲ့ နိုင်ငံတော်ခေါင်းဆောင်များအား စေ့စပ်ဆွေးနွေးရေးနှင့်ပြဿနာဖြေရှင်းရေး နည်းပညာများ၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ အရပ်သားကာကွယ် စောင့်ရှောက်ရေး သင်တန်းများပေးခြင်းနှင့် လက်နက်ကိုင်အဖွဲ့များအား အရပ်သားထိခိုက်မှု လျော့နည်းစေရေး သင်တန်းများ ပေးခြင်း

(၈) ဒီမိုကရေစီစနစ် ရှင်သန်နိုင်မာစေသော လူထုလှုပ်ရှားမှုများ ချိတ်ဆက်တည်ဆောက်ခြင်း

(၉) လူမှုစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအား ကုစားခြင်း- ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများအား ကုစားပေးခြင်းနဲ့ ပြန်လည်ထူထောင်ခြင်း

(၁၀)အသွင်ကူးပြောင်းကာလတရားမျှတမှု - ပဋိပက္ခအလွန်ကာလ ရင်ကြားစေ့ရေး၊ စိတ်ဒဏ်ရာကုစားမှုနဲ့ တရားမျှတမှုအား ပြန်လည် ဖော်ဆောင်မှုဖြစ်စဉ်များ ပြုလုပ်ခြင်း

(၁၁) လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး - လူသားလုံခြုံရေးနဲ့ နိုင်ငံတော်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်သော security infrastructure တည်ဆောက်ရေး

Strategies for Gender Responsive CSOs Oversight of the Security Sector

(၁) သုတေသနပြုလုပ်ခြင်းနှင့် သတင်းအချက်အလက်များ စုဆောင်းခြင်း

အမျိုးသမီးတွေ အပါအဝင် ဒေသခံပြည်သူတွေရဲ့ လုံခြုံရေးနဲ့ တရားမျှတမှုရေးရာ လိုအပ်ချက်တွေကို ရှာဖွေဖော်ထုတ်ခြင်း၊ လူနည်းစုနဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေး အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားခြင်း၊ သဘာဝပတ်ဝန်းကျင် အပါအဝင် လုံခြုံရေးရာတွေအပေါ် သက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ လုံခြုံရေး နည်းပညာများရဲ့ သက်ရောက်မှုများကို ဆန်းစစ်ခြင်း၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ ချဉ်းကပ်မှုများ ထိရောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ဘတ်ဂျက်ဖြစ်စဉ်နဲ့ ပြည်သူ့ဘဏ္ဍာ သုံးစွဲမှုများအား ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း စတာတွေ ပါဝင်ပါတယ်။

(၂) ကိုယ်စားပြုအရေးဆိုခြင်း

ကိုယ်စားပြု အရေးဆိုခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရအဖွဲ့ဝင်တွေနဲ့ ဒိုင်ယာလော့ခ် ပြုလုပ်ခြင်း၊ တာဝန်ခံမှု အားကောင်းပြီး ပွင့်လင်းမြင်သာတဲ့ လုံခြုံရေးကဏ္ဍတည်ဆောက်ခြင်း၊ အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအပေါ် လုံခြုံရေးလုပ်ငန်းစဉ်တွေရဲ့ သက်ရောက်မှုတွေကို ဆုံးဖြတ်ချက်ချမှတ်သူများ ထည့်သွင်းစဉ်းစားစေရန် ဆောင်ရွက်ခြင်း စတာတွေ ပါဝင်ပါတယ်။ အမျိုးသမီးအဖွဲ့တွေ အပါအဝင် အရပ်ဘက် အဖွဲ့အစည်းတွေနဲ့ အစိုးရတို့ အကြားမှာ အကြံပြုဆွေးနွေးချက်များဆိုင်ရာ Institutionalization ဖြစ်စဉ် ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

(၃) သိမြင်နားလည်မှုမြှင့်တင်ခြင်း

လုံခြုံရေးကဏ္ဍနဲ့ သက်ဆိုင်တဲ့ နိုင်ငံသားအခွင့်အရေးများအား နိုင်ငံသားအားလုံး သိမြင်နားလည်မှုရရှိရေး၊ တာဝန်ခံမှုနဲ့ တုန့်ပြန်နိုင်စွမ်းကောင်းသော လုံခြုံရေးကဏ္ဍဖြစ်ထွန်းရေး၊ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေရဲ့ လုံခြုံရေး လိုအပ်ချက်တွေကို သိမြင်နားလည်နိုင်စွမ်း မြင့်မားရေး၊ ဒီမိုကရေစီနည်းကျ နိုင်ငံရေးနဲ့ လူမှုရေးပြောင်းလဲနိုင်စွမ်းအားကောင်းရေး၊ လုံခြုံရေး ဆိုင်ရာကိစ္စရပ်တွေနဲ့ စပ်လျဉ်း၍ ဆိတ်ငြိမ်ခြင်း ယဉ်ကျေးမှုမှ ပြောဆိုဆွေးနွေးသံအားကောင်းသော ယဉ်ကျေးမှုသို့ ပြောင်းလဲရေး စတာတွေ လုပ်ဆောင်ကြပါတယ်။

(၄) သတင်းအချက်အလက် ဆက်သွယ်ဆောင်ရွက်ခြင်း

သတင်း အချက်အလက်များ ဆက်သွယ်ဆောင်ရွက်ရာမှာ

သတင်းထုတ်ပြန်ချက်တွေ၊ သတင်းအချက်အလက် မှတ်တမ်းထုတ်ခြင်းတွေ၊ အစီရင်ခံစာနဲ့ လေ့လာချက်စာတမ်း ထုတ်ပြန်ခြင်းတွေ၊ လွှတ်တော်ကော်မတီများသို့ စာတမ်း တင်သွင်းခြင်းတွေ၊ မီဒီယာအင်တာဗျူး ပြုလုပ်ခြင်းတွေ၊ မီဒီယာအစီရင်ခံ ပြုလုပ်ခြင်းတွေ၊ အများပြည်သူနဲ့ တွေ့ဆုံပွဲ ပြုလုပ်ခြင်းတွေ၊ ကွန်ဖရင့်နဲ့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းတွေ၊ ပညာပေးစာစောင် ဖြန့်ဝေခြင်းတွေ၊ စတာတွေ ပါဝင်ပါတယ်။

(၅) လေ့ကျင့်သင်ကြားခြင်း

ဝန်ထမ်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ နိုင်ငံသားတွေအား လုံခြုံရေးနဲ့ ပတ်သက်တဲ့ သဘောတရားများ၊ အရပ်ဘက်ကွပ်ကဲမှု သဏ္ဍာန်များကို လေ့ကျင့်သင်ကြား ပေးခြင်းဖြစ်ပါတယ်။

(၆) စောင့်ကြပ်ကြည့်ရှုခြင်း

လုံခြုံရေးကဏ္ဍမှာ ပါဝင်တဲ့ အင်စတီကျူးရှင်းများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း အားဖြင့် အမျိုးသမီးများနဲ့ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးကဏ္ဍ တာဝန်ခံမှုနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးကို အကျိုး ဖြစ်ထွန်းစေနိုင်ပါတယ်။ လုံခြုံရေးအင်စတီကျူးရှင်းတွေရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေတွေနဲ့ ကိုက်ညီမှုရှိမရှိ စောင့်ကြပ်ကြည့်ရခြင်းများ လုပ်ဆောင်လေ့ရှိကြပါတယ်။

(၇) ဘတ်ဂျက်ဆန်းစစ်ခြင်း

အမျိုးသမီး အဖွဲ့အစည်းများအပါအဝင် အရပ်ဘက် အဖွဲ့အစည်းတွေဟာ လုံခြုံရေးကဏ္ဍဆိုင်ရာ ဘတ်ဂျက်များကိုလဲ လေ့လာဆန်းစစ်ချက်တွေ ပြုလုပ်လေ့ ရှိကြပါတယ်။ လုံခြုံရေးကဏ္ဍဆိုင်ရာ ဘတ်ဂျက်များကို လွှတ်တော်က ဆန်းစစ်ရာမှာလည်း အထောက်အကူပြုကြပါတယ်။

မူဝါဒရေးရာ အကြံပြုချက်များ -

၁။ လုံခြုံရေး မူဝါဒတွေနဲ့ ဆက်စပ်တဲ့ဒိုင်ယာလော့ခ်များ၊အပြန်အလှန်ဆွေးနွေး ငြင်းခုန်ခြင်းများ ပြုလုပ်ရန်

၂။ နိုင်ငံရေးသမားတွေ၊ မူဝါဒ ချမှတ်သူတွေနဲ့ အများပြည်သူတို့အား လုံခြုံရေးအသိပညာများဖြန့်ဖြူးပေးရန်

၃။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စတွေနဲ့ ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးရန်နှင့် သိမြင်နားလည်မှု မြင့်မားစေရေး ဆောင်ရွက်ရန်

၄။ ကျား/မရေးရာ လုံခြုံရေးလိုအပ်ချက်နဲ့ အခြေအနေတွေကို မူဝါဒချမှတ်သူတွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေနှင့် မီဒီယာတို့အား သတင်းအချက်အလက်နဲ့ ဗဟုသုတများပေးရန်

၅။ လူမှု အစုအဖွဲ့များရဲ့ အမြင်တွေကို ကျယ်ပြန့်စွာ ပေါင်းစပ်ပါဝင်စေခြင်းဖြင့် မူဝါဒရေးရာဖြစ်စဉ်တွေရဲ့ legitimacy ကို မြှင့်တင်ပေးရန်

၆။ ရပ်ရွာလူမှုအသိုက်အဝန်းရဲ့ လုံခြုံရေးမူဝါဒဆိုင်ရာ ကိုယ်စားပြုနိုင်စွမ်းနဲ့ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ရန်

၇။ လုံခြုံရေးကဏ္ဍ ပြုပြင် ပြောင်းလဲရေး ကိစ္စရပ်များအား နိုင်ငံရေးအာဂျင်ဒါတွင် ထည့်သွင်းရန်

၈။ လုံခြုံရေးမူဝါဒတွေနဲ့ သင့်လျော်တဲ့ သုတေသနတွေ ပြုလုပ်ရန်

၉။ လုံခြုံရေးကဏ္ဍတွေရဲ့ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှု အခြေအနေကို လေ့လာစောင့်ကြပ်ကြည့်ရှုရန်

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၏
ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဝေသည်။